# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၄၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်


၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


ယနေ့ ဖတ် စ ရာ



ပြန်လည်ဆောင်ကြဉ်းနိုင်ခဲ့တဲ့ နိုင်ငံရဲ့ ဂုဏ်သိက္ခာ ထာဝရထွန်းလင်းတောက်ပစေဖို့ ...

ဆောင်းပါး စာ ၆




အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ (၇၅)နှစ်မြောက် မွေးနေ့ကျင်းပ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်းစကားများ ပေးပို့

နိုင်ငံတကာသတင်း စာ ၁၄


# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၇

(၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ယခုနှစ်အတွက် အထူးမိတ်ဖက်နိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့အကြီးအကဲများ၊ အာဆီယံနိုင်ငံများနှင့် ဖိတ်ကြားထားသည့် နိုင်ငံများမှ အကြီးအကဲများနှင့်

*စာမျက်နှာ ၄ ကော်လံ ၁ ❍*

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များ ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

- ❑ **ယခုဖိုရမ်သည် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးကဏ္ဍတွင် ဦးဆောင်နေကြသည့် ကုန်သည်အသင်းအဖွဲ့များအကြား စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်သည့် အခွင့်အလမ်းများကို ရရှိနိုင်မည့် ပလက်ဖောင်းတစ်ခုဖြစ်**
- ❑ **ယနေ့ကျင်းပသည့် တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်**

**နေပြည်တော် စက်တင်ဘာ ၁၇** "အာဆီယံကို ဉာဏ်ရည်တု နည်းပညာဖြင့် ချိတ်ဆက်၍ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှု အနာဂတ်ကို မျှဝေခြင်း" ဆောင်ပုဒ်ဖြင့် တရုတ်-အာဆီယံ စီးပွားရေး ခေါင်းဆောင်များ ဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ Grand Metro-park Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် မိန့်ခွန်းပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အတိုင်ပင်ကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာစွမ်းသဝေ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr. Kao Kim Hourn တရုတ် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (CCPIT) မှ ဒုတိယအကြီးအကဲ၊ ASEAN- China Centre မှ အထွေထွေ အတွင်းရေးမှူး၊ တရုတ်၊ အာဆီယံနိုင်ငံများမှ ကုန်သည်အသင်းဥက္ကဋ္ဌများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### မိတ်ဆက်ပြသ

ဦးစွာ ဖိုရမ်ကျင်းပရေးကော်မတီအတွင်းရေးမှူးက AI နည်းပညာသုံးမျက်မှန် အသုံးပြုပုံကို မိတ်ဆက်ပြသသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဖိုရမ်အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုဖိုရမ်သည် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးကဏ္ဍတွင် ဦးဆောင်နေကြသည့် ကုန်သည်အသင်းအဖွဲ့များအကြား စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်သည့် အခွင့်အလမ်းများကို ရရှိနိုင်မည့် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ယခုအခါ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area-ACFTA) ကို ACFTA (အက်ဖ်တာ) ဗားရှင်း ၃.၀ သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ရေး ကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စသည့်နယ်ပယ်သစ်များတွင် နက်နက်ရှိုင်းရှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ အနေဖြင့် နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို မျှဝေခံစားသွားနိုင်ကြမည်ဖြစ်ကြောင်း။

### မျှတစွာအသုံးပြုသွားရန်လို

AI နည်းပညာကို နယ်ပယ်ကဏ္ဍအသီးသီးတွင် ကျယ်ပြန့်စွာ အသုံးပြုလာသည်နှင့်အမျှ လွဲမှားစွာ အသုံးချမှုနှင့် ဆိုက်ဘာလုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပြီး မှန်ကန်သည့်နယ်ပယ်များတွင် မျှတစွာအသုံးပြုသွားရန် လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

### မိန့်ခွန်းပြောကြား

ယင်းနောက် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပြည်သူ့အတိုင်ပင် ကွန်ဖရင့်ဥက္ကဋ္ဌ၊ CCPIT မှ ဒုတိယအကြီးအကဲ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်နှင့် ASEAN-China Centre မှ အထွေထွေ အတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မကွေးမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြသလွန်စေတီရင်ပြင်တော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မကွေး စက်တင်ဘာ ၁၇** (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မကွေးမြို့ မြသလွန်စေတီတော်ရင်ပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်စိုးဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်/နယ်ဘက်မှ ဖိတ်ကြားထားသူများက ဘုရားရင်ပြင်တော် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။



**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ဘေးအန္တရာယ်များကို လျှော့ချခြင်းနှင့် ကြုံတွေ့လာပါက ရင်ဆိုင်နိုင်မည့်နည်းလမ်းများ ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

ဂျပန်ဖောင်ဒေးရှင်းရန်ကုန်၊ Goethe-Institut မြန်မာ၊ UNDP၊ Disaster Risk Reduction Working Group တို့ ပူးပေါင်း၍ ဘေးအန္တရာယ်များကို လျှော့ချခြင်းနှင့် ကြုံတွေ့လာပါက မည်ကဲ့သို့ ရင်ဆိုင်နိုင်မည့် နည်းလမ်းများနှင့် နောက်ဆက်တွဲအခြေအနေများအတွက် မည်သို့ကြိုတင်ပြင်ဆင်ကြမလဲ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်တွင် ဗဟန်းမြို့နယ်ရှိ Goethe-Institut Myanmar ပြပွဲခန်းမ၌ ညနေ ၃ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အရေးပေါ်အခြေအနေတွင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့သည့်အခါ ကြိုတင်ပြင်ဆင်ခြင်းနှင့် လက်တွေ့ရင်ဆိုင်ခြင်းဆိုင်ရာ အသိပညာများကို ပြန့်ပွားစေလိုသည့်အစီအစဉ်တွင် အနုပညာ၊ လူငယ်၊ နိုင်ငံတကာအဖွဲ့အစည်း စသည့်နယ်ပယ်အသီးသီးမှ တတ်ကျွမ်းသူများက ဦးဆောင်၍ ဆွေးနွေးပြောကြားမည့် စကားဝိုင်းပါဝင်မည်။ ဘေးအန္တရာယ်လျှော့ချရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်ကြောင်းကို မျှဝေပေးသွားမည်ဖြစ်သည်။ အစီအစဉ်ကို မြန်မာဘာသာဖြင့်ကျင်းပသွားမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာပြန်ထားရှိမည်ဖြစ်သည်။ မည်သူမဆိုအခမဲ့လာရောက်နိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၇** – မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

❍ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် နန်နင်းမြို့ မြန်မာ ကောင်စစ်ဝန်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား ကျင်းပမည့် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း စင်တာသို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက ကြိုဆိုနှုတ်ဆက်ပြီး အခမ်းအနား သို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ များမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီး များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

အခမ်းအနားတွင် CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်း၊ တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီ (CCPIT) ဥက္ကဋ္ဌတို့က အဖွင့်အမှာစကား ပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ယခုနှစ်တွင် မြန်မာနိုင်ငံသည် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ Country of Honour အဖြစ် အလှည့်ကျတက်ရောက်ခြင်းဖြစ်ပြီး မိမိအနေဖြင့် ယခုကဲ့သို့ ထူးခြားလေးနက်သည့် အခမ်းအနားတွင် ပါဝင်တက်ရောက်ပြီး မိန့်ခွန်းပြောကြားခွင့်ရသည့် အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ ပြပွဲများကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာ မြောက် မိတ်ဖက်ဆက်ဆံရေးကို နက်ရှိုင်းစေပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်း နယ်ပယ်များ ပူးပေါင်းဆောင်ရွက်ရာတွင် အရေးပါ သည့် စင်္ကြံတစ်ခုအဖြစ် ပံ့ပိုးပေးနိုင်သည့်အတွက် တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ သည်ကို တွေ့ရှိရကြောင်း။

တရုတ် - အာဆီယံ ကုန်စည်ပြပွဲမှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ် မှု၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရာတွင် အားကောင်းလာစေရန်နှင့် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုး တိုးတက်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုတို့ကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကို အထူး အလေးထားပါကြောင်း၊ မြန်မာနိုင်ငံ၌ AI နည်းပညာ ကို စီးပွားရေးလုပ်ငန်းရှင်များက အချို့ကဏ္ဍများတွင် အသုံးပြုလာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်များ၊ Safe Health AI အပါအဝင် နည်းပညာပြခန်းများ၊ လက်မှု အနုပညာပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာ များ စသည့်ပြခန်းပေါင်း ၁၂၀ နှင့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ပြခန်းဆောင်တို့ကို ပါဝင်ပြသသွား မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လာအိုနိုင်ငံ ဒုတိယသမ္မတ Mr. Bounthong Chitmany၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Oknha Men Sam An၊ မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Fadillah Yusof၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Mai Van Chinh၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr.Kao Kim Hourn နှင့် Mr.Zhang Bingnan တို့က မိန့်ခွန်းပြောကြားကြပြီး AI ဖြင့် ပြုလုပ်ထားသည့် 22nd CAEXPO အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယသမ္မတ၊ အာဆီယံ နိုင်ငံများမှ အကြီးအကဲများနှင့်အတူ (၂၂) ကြိမ် မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်- အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး ဖိုရမ်ကို Digital Key ဖြင့် ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတတို့သည် ကချင် ရိုးရာယဉ်ကျေးမှုအကအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ (City of Charm) အဖြစ် မြစ်ကြီးနားမြို့ကို ရွေးချယ် သတ်မှတ်၍ ဖွင့်လှစ်ပြသထားရှိသည့် မြန်မာ အမျိုးသားပြခန်းဆောင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ ဝင်များနှင့်အတူ မြန်မာအမျိုးသားပြခန်းဆောင်နှင့် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသသည့် မြန်မာနိုင်ငံကိုယ်စားပြု ကုန်စည် ပြခန်းများကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များသည် ယနေ့ညနေပိုင်းတွင် နေပြည် တော်ရှိ အထင်ကရနေရာများဖြစ်သည့် ဒက္ခိဏသီရိ မြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထား ပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ရှင်းလင်းဆောင်၌ ဘုရားကြီးဂေါပကအဖွဲ့ဝင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော် ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့ မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့မှုများကို ရှင်းလင်း ပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့မှ တာဝန်ရှိသူများက ကျေးဇူးတင် စကားပြောကြားပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင် စွာတည်ထားပူဇော်ခဲ့မှုနှင့်စပ်လျဉ်း၍ သိရှိလိုသည် များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့က ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ် လှူဒါန်းကြရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြ ပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ ခမ်းနား ထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက် ထားသည့် ကျောက်စာရုံစေတီတော်များနှင့် အခြား သာသနိကအဆောက်အအုံများ၊ ပုံစံငယ်များနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှု မှတ်တမ်း တင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး နေပြည် တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာခဲ့ကြ သည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများ နှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၃၈ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)
**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) ဦးဝင်းမြင့်
( ၂ ) ဒေါ်စိုးခက်ခက်
( ၃ ) ဒေါ်သင်းသင်းချို

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၃၉ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)
**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးညိုထွန်း အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် စက်တင်ဘာ ၁၇ - ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။ မိုး/ဇလ

## စစ်ကိုင်းတိုင်းဒေသကြီး အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးတက်ရေးစီမံကိန်းများမှ လုပ်ငန်းထူထောင်လိုသည့် ထူးချွန်သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့် ထူးချွန်ဆုများပေးအပ်

**မုံရွာ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများမှ လုပ်ငန်းထူထောင်လိုသည့် ထူးချွန်သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့် ထူးချွန်ဆုများပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခဲ့သည့် မှတ်တမ်းဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ထူးချွန်သင်တန်းသူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး(ယာပုံ) သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ထူးချွန်သင်တန်းသူများအား ပေးအပ်ချီးမြှင့်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ခြေနင်းအပ်ချုပ်စက်များ၊ ဆပ်ပြာရည်ဖျော်စက်များ၊ ဆက်စပ်ပစ္စည်းများနှင့် သင်တန်းသူများကိုယ်တိုင်ချုပ်လုပ်ထားသည့် အဝတ်အထည်များ၊ လူသုံးကုန်ဆပ်ပြာရည်အမျိုးမျိုးတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၈/၂၀၂၅) သို့



တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခွင့်ပြုရေး ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ၏ မြေဧရိယာလျှော့ချပြင်ဆင်ခွင့်ပြုရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကုမ္ပဏီလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မော်လမြိုင်မြို့၌ ကျောင်းတွင်းအာဟာရ ကျွေးမွေး



**မော်လမြိုင် စက်တင်ဘာ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း (ထ-ခွဲ) ကျောင်း၌ ယနေ့နံနက်က ကျောင်းတွင်းအာဟာရကျွေးမွေးခဲ့သည်။

အဆိုပါကျောင်းရှိ KG တန်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးနေမှုကို ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ဘီးလင်းမြို့ အထက(ရွှေလှေ)ကျောင်း၌ လူငယ်အသိပညာပေး

**ဘီးလင်း စက်တင်ဘာ ၁၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ လူငယ်အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(ရွှေလှေ)ကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ကျောင်းသား ကျောင်းသူများ အနေဖြင့် မိမိတို့၏ ရည်မှန်းချက်များအောင်မြင်စေရေး၊ ကျောင်းစာအပြင် ဗဟုသုတတိုးပွားစေမည့် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေး၊ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရေးနှင့် လူငယ်နှင့် စာပေဖတ်ရှုခြင်းအကြောင်း



တို့ကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မူးယစ်ဆေးဝါး အန္တရာယ် သတိပြုကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး စသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတရသစာအုပ်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ပြန်လည်ဆောင်ကြဉ်းနိုင်ခဲ့တဲ့ နိုင်ငံရဲ့ဂုဏ်သိက္ခာ ထာဝရထွန်းလင်းတောက်ပစေဖို့ ...

**ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံတော်ကြီး အဆင့်အတန်းတစ်ခုဆီ တိုးတက်မြင့်မားသွားခဲ့တာကို သတိထားမိသူတွေ ရှိပါလိမ့်မယ်။ တချို့လည်း ကိုယ့်ပတ်ဝန်းကျင်မှာ ဘာမှမပြောင်းလဲသွားတာကြောင့် မထူးပါဘူးကွာလို့ပဲ ရှုမြင်မိကြမှာပါ။**

**နေမင်းသျှင်**


ဒါတင်မက ဘာတွေတိုးတက်၊ ဘာတွေမြင့်မားသွားတာလဲလို့ ပြန်ပြီးမေးခွန်းထုတ်ချင်ကြမှာပါ။ ဒီအတွက်အဖြေကို ရှင်းရှင်းလင်းလင်းသိရအောင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ကျော်လောက်ကစပြီး ဒီကနေ့အချိန်အထိ ကမ္ဘာနဲ့ မြန်မာအကြောင်းကို နောက်ကြောင်းပြန်အကျဉ်းချုံးကြည့်ဖို့ လိုမယ်ဖြစ်ပါတယ်။ ပစ္စုပ္ပန်မှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေဟာ အတိတ်မှာဖြစ်ခဲ့တဲ့ အကြောင်းအရာတွေနဲ့ ဆက်စပ်ယှက်နွှယ်နေတာဖြစ်တဲ့အတွက် အတိတ်ကိုသိမှသာ ပစ္စုပ္ပန်ကို မှန်မှန်ကန်ကန် နားလည်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း **“သမိုင်းကိုသင်တာ မအ အောင်လို့”** ဆိုတဲ့ သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ အဆိုအမိန့်ဟာ ထင်ရှားခဲ့တာပဲ မဟုတ်လား။

ကျွန်တော်တို့ အသက်အရွယ်တွေ ဖြတ်သန်းခဲ့ကြရတဲ့ ၂၀ ရာစုထဲမှာ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ခဲ့ဖူးတာ အားလုံးအသိပါ။ ကမ္ဘာ့ဒေသအနှံ့အပြား မြေပြင်၊ ရေပြင်၊ ဝေဟင်အားလုံးမှာ အရင်းအမြစ်အားလုံးပုံအောသုံးစွဲပြီး မီးကုန်ယမ်းကုန်တိုက်ခိုက်ခဲ့ကြတဲ့ အဲဒီစစ်ပွဲကြီးနှစ်ကြိမ်စလုံးမှာ လူသားသန်းပေါင်းများစွာ သေကျေ၊ နောက်ထပ်သန်းပေါင်းများစွာ လူဖြစ်ရှုံးလောက်အောင် ဒဏ်ရာရ၊ နောက်ထပ်သန်းပေါင်းများစွာ မိသားစုဘဝတွေ ပျက်စီးခဲ့ကြရပါတယ်။ မြို့တွေ၊ ရွာတွေ၊ သမိုင်းဝင်အဆောက်အအုံတွေ၊ လူသားတစ်ရပ်လုံးနဲ့ဆိုင်တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ အမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ စစ်ပွဲကြီးတွေအတွင်းမှာ လူတွေဟာ တိရစ္ဆာန်တွေထက် ရက်စက်ကြမ်းကြုတ်တဲ့အပြုအမူတွေ၊ လူ့ဂုဏ်သိက္ခာကင်းမဲ့စေတဲ့ လုပ်ရပ်တွေကို အံ့သြထိတ်လန့်ဖွယ်ရာကောင်းလောက်အောင် အလွန်အကျွံလုပ်ခဲ့ကြတာကိုလည်း တွေ့ခဲ့ကြရပါတယ်။

**အရင်းစစ်တော့ အမြစ်မြေကဆိုသလို ကမ္ဘာနဲ့ချီပြီးဖြစ်ခဲ့တဲ့ ကမ္ဘာစစ်ကြီးနှစ်ကြိမ်စလုံးဟာ အရင်းရှင်နယ်ချဲ့စနစ်ထဲမှာ ဖြစ်ခဲ့တာဖြစ်ပြီး စစ်မီးစတောက်ခဲ့တာကလည်း အနောက်ဥရောပနိုင်ငံတွေမှာဖြစ်ပါတယ်။ နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်ပြီးတဲ့နောက်မှာတော့ အရင်းရှင်စနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်အဖြစ် အသွင်ပြောင်းသွားခဲ့သလို ကမ္ဘာစစ်ကြီးတွေကို ဖန်တီးခဲ့ကြတဲ့ လက်သည်နိုင်ငံတွေကလည်း ဒီမိုကရေစီနဲ့ လစ်ဘရယ်ဝတ်ရုံကိုခြုံပြီး တစ်ချိန်က သူတို့သံဖနောင့်အောက်မှာ နင်းပြားဖြစ်ခဲ့ဖူးတဲ့ ကျွန်တော်တို့လိုနိုင်ငံလေးတွေကို လူ့အခွင့်အရေးသင်ခန်းစာတွေ တစ်ခုပြီးတစ်ခု ပေးတဲ့သူတွေဖြစ်လာခဲ့ကြပါတယ်။**

သူတို့လို အသားအရောင် ဖြူစပ်စပ်၊ နီစုပ်စုပ်မဟုတ်တဲ့ လူညို၊ လူဝါ၊ လူမည်းတွေကို လူဖြူတွေရဲ့ ဒုက္ခအိုး(Whiteman Burdan)လို့ ဆိုခဲ့တဲ့သူတွေက အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးလက်ချာတွေ ပေးခဲ့ကြသလို လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု စတာတွေနဲ့လည်း ဟိုနိုင်ငံလက်ညှိုးထိုး၊ ဒီနိုင်ငံလက်ညှိုးထိုး လုပ်ခဲ့ကြပါတယ်။ အဲဒီလို စွပ်စွဲရုံမျှမကဘဲ အကျပ်ကိုင်တာ၊ ဖိနှိပ်တာ၊ ပိတ်ဆို့တာတွေကို အုံနဲ့ကျင်းနဲ့ ဝိုင်းလုပ်ခဲ့ကြပါတယ်။

တကယ်တော့ အဲဒီလိုစွပ်စွဲတဲ့အမှုမျိုးတွေကို ပြီးခဲ့တဲ့ကမ္ဘာစစ်နဲ့ စစ်အေးကာလက ဒေသဆိုင်ရာစစ်ပွဲတွေမှာ သူတို့ နိုင်ငံတွေကိုယ်တိုင်က ကျူးလွန်ခဲ့ကြတာ အထင်အရှားပါ။ သူတို့ရဲ့ အတိတ်ကိုဖုံးကွယ်ဖို့၊ မှိန်ဖျောက်ဖို့အတွက် ပစ္စုပ္ပန်မှာ တရားခံရှာနေကြပုံမျိုးပါ၊ ဒါပေမယ့်လည်း သူတို့နဲ့ဘက်တစ်ဖက်တည်းမှာရှိတဲ့ နိုင်ငံမျိုး၊ တစ်နည်းအားဖြင့် သူ့လူတွေက ကျူးလွန်တဲ့ကိစ္စမျိုးတွေမှာတော့ မသိချင်ယောင်ဆောင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (၃၀-၈-၂၀၂၅)

လွှတ်ပေးထားတဲ့အပြင် အကာအကွယ်ပါပေးတတ်တာကြောင့် သူတို့ဟာ မူတစ်ခုကို စံနှစ်မျိုးကျင့်သုံးသူတွေဖြစ်လာပြီး သူတို့ဦးဆောင်တဲ့ ကမ္ဘာ့အစီအစဉ် (World Order) ကြီးကလည်း တစ်ဖက်စောင်းနင်းဖြစ်လာပါတယ်။

### နိုင်ငံကြီးငယ်ခွဲခြားမှုတွေရှိနေ

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် နယ်ချဲ့အင်ပါယာတွေ တစ်ခုပြီးတစ်ခု ပျောက်ကွယ်သွားခဲ့ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတွေ

**“ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့မှာ ကျင်းပခဲ့တဲ့ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation- SCO SUMMIT 2025 Plus) ဟာ ကမ္ဘာက အလေးထားကြည့်ရှုခဲ့ကြရတဲ့ ထိပ်သီးအစည်းအဝေးတစ်ခု ဖြစ်ပါတယ်။ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဟာ သက်တမ်းအားဖြင့် ၂၅ နှစ်ရှိပြီဖြစ်ပြီး မူလအဖွဲ့ဝင် ၆ နိုင်ငံကနေ ၁၀ နိုင်ငံ၊ လေ့လာသူ ၂ နိုင်ငံနဲ့ ဆွေးနွေးဖက် ၁၅ နိုင်ငံ စုစုပေါင်း အသိုက်အဝန်း တစ်ခုလုံးအနေနဲ့ ၂၇ နိုင်ငံ ရှိပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၂၃ ခုနှစ်မှာ SCO ရဲ့ ဆွေးနွေးဖက်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့တာဖြစ်ပြီး တင်းပြည့်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာအောင် အဆိုပြုထားသလို အဖွဲ့ဝင်နိုင်ငံတွေကလည်း လိုလားစွာ ထောက်ခံထားကြ ”**

အမြောက်အမြားပေါ်ထွက်လာတဲ့ ကမ္ဘာ့အခင်းအကျင်းကို စစ်နိုင်မဟာမိတ်နိုင်ငံတွေက ဦးဆောင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့အချိန်မှာ ၂၀ ရာစု ထက်ဝက်ကျိုးပြီဖြစ်သလို နည်းပညာတိုးတက်မှု အရှိန်အဟုန် မြန်ဆန်လာတာနဲ့အမျှ နောက်ထပ်ကမ္ဘာစစ်ကြီးဖြစ်ခဲ့မယ်ဆိုရင် ကမ္ဘာပျက်မယ့်အခြေအနေမျိုး ဖြစ်လာမှာကို စိုးရိမ်ကြတာကြောင့် ကမ္ဘာစစ်မဖြစ်အောင်တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ နိုင်ငံတကာပြဿနာတွေကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ အဖြေရှာနိုင်ဖို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ကြပါတယ်။

ဘယ်လိုပဲကောင်းတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းခဲ့ကြစေကာမူ အဖွဲ့အစည်းယန္တရားကြီး လည်ပတ်နိုင်ဖို့ လိုအပ်တဲ့ရန်ပုံငွေကို အများဆုံးစိုက်ထုတ်ပေးနိုင်တဲ့နိုင်ငံ၊ ကမကထလုပ်ပေးနိုင်တဲ့နိုင်ငံက အဖွဲ့ထဲမှာ ဦးဆောင်တဲ့နေရာကို ရခဲ့တာပါပဲ။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ရွှေတိဂုံဘုရား အလယ်ပစ္စယံညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ မိန့်ခွန်းထဲမှာ **“နိုင်ငံပေါင်းစုံ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး နိုင်ငံငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြင်းတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြပေပြီ”**လို့ ပါတာကို တွေ့ရတဲ့အတွက် ကုလသမဂ္ဂမှာ အဲဒီအချိန်ကတည်းက ခွဲခြားမှုတွေရှိနေပြီလို့ ဆိုရမှာဖြစ်ပါတယ်။

### ဒွိဝင်ရိုးနဲ့ ဧကဝင်ရိုးကမ္ဘာ

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ၁၉၄၇ ခုနှစ်လောက်ကနေ ဘာလင်တံတိုင်းကြီးကို ဖြိုချလိုက်တဲ့ ၁၉၈၉ ခုနှစ်အထိ နှစ်ပေါင်း ၄၀ ကျော်လောက်ဟာ အရှေ့အုပ်စုနဲ့ အနောက်အုပ်စုတို့အကြား ဝါဒချင်းယှဉ်ပြိုင်၊ လက်နက်အပြိုင်တပ်ဆင်ခဲ့ကြတဲ့ စစ်အေးတိုက်ပွဲကာလပါ။ အဲဒီကာလ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းမှာ မဟာအင်အားကြီးနိုင်ငံ နှစ်နိုင်ငံဦးဆောင်တဲ့ အုပ်စုနှစ်စု အပြိုင်တည်ရှိနေတာဖြစ်တဲ့အတွက် ဒွိဝင်ရိုးကမ္ဘာလို့ ခေါ်ဆိုတာဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးခေတ်နောက်ကျမှုနဲ့ လေးလံနှေးကွေးမှုတို့ကြောင့် စစ်အေးတိုက်ပွဲမှာ အရှေ့အုပ်စုနိုင်ငံတွေ အရေးနိမ့်ပြိုကွဲသွားခဲ့ကြပေမယ့် ၁၉၇၉ ခုနှစ်လောက်ကတည်းက အိုင်ဒီယော်လဂျီအပြောင်းအလဲလုပ်ပြီး ဈေးကွက်စီးပွားရေးစနစ်နဲ့ ကွန်မြူနစ်သဘောတရားကို အောင်အောင်မြင်မြင် ပေါင်းစပ်ကျင့်သုံးနိုင်ခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ အရှိန်အဟုန်မှန်မှန် ဖွံ့ဖြိုးတိုးတက်နေခဲ့ပါတယ်။

စစ်အေးတိုက်ပွဲအပြီး ကမ္ဘာမှာ တစ်ခုတည်းသော အင်အားကြီးနိုင်ငံက ဧကဝင်ရိုးကမ္ဘာအခင်းအကျင်းကို ဦးဆောင်နေချိန်မှာ အဲဒီအင်အားကြီးနိုင်ငံနဲ့ နောက်လိုက်နိုင်ငံတွေက ကမ္ဘာကြီးကို စိတ်ကြိုက်လိုသလိုပုံသွင်းဖို့ ကြိုးစားခဲ့ကြပါတယ်။ ကုလသမဂ္ဂမှာလည်း အဖွဲ့ဝင်နိုင်ငံတွေကြား တန်းတူရည်တူရှိမှု၊ အချုပ်အခြာအာဏာကို အလေးထားမှုတွေ လျော့ပါးလာတာ၊ စံနှုန်းနှစ်မျိုးကျင့်သုံးလာတာ၊ ခွဲခြားဆက်ဆံတာ၊ အကျပ်ကိုင်ဖိအားပေးတာတွေ ထွန်းကားလာပြီး မူလအခြေခံတန်ဖိုးတွေ ပျောက်ဆုံးလာပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလ ၁ ရက်နေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့မှာကျင်းပခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation–SCO SUMMIT 2025 Plus)ကို ပါဝင်တက်ရောက်ဆွေးနွေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ဆွေးနွေးပြောကြားချက်မှာပါတဲ့ **“ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း”** ဆိုတဲ့အချက်ဟာ အထက်မှာဖော်ပြခဲ့တဲ့ ကမ္ဘာ့အခြေအနေတွေကို ထင်ဟပ်နေတာ ဖြစ်ပါတယ်။

### ကမ္ဘာ့အချက်အချာရွေ့လျားမှု

တကယ်တော့ ၂၁ ရာစုအဝင် ဂလိုဗယ်လိုက်ဇေးရှင်းဆိုတဲ့ ကမ္ဘာပြုမှုဖြစ်စဉ်ကြီးနဲ့အတူ နောက်ထပ်အင်အားအသစ်တွေ ပေါ်လာတာ၊ ကမ္ဘာ့အချက်အချာ ရွေ့လျားသွားတာတွေဟာ ဧကဝင်ရိုးကမ္ဘာအခင်းအကျင်းကို ချာန်လျှောသွားစေခဲ့တာပါ။ အတုယူစရာကောင်းတာက ဂလိုဗယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးကို အခွင့်အရေးတစ်ရပ်အဖြစ် အမိအရဖမ်းယူဆုပ်ကိုင်နိုင်ခဲ့တဲ့ နိုင်ငံတွေကတော့ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းမိတ်ဆွေရင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယတို့ ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးရခဲ့တဲ့ ကျွန်တော်တို့နိုင်ငံထက် တစ်နှစ်နောက်ကျပြီး တရုတ်ပြည်သစ်ကိုတည်ထောင်ခဲ့ကြတဲ့ တရုတ်ခေါင်းဆောင်မျိုးဆက်တွေဟာ တရုတ်ပြည်ဟောင်းရဲ့ ကောင်းမွေဆိုးမွေတွေကိုဆက်ခံပြီး နိုင်ငံကို ပြန်လည်တည်ဆောက်ခဲ့ကြတာပါ။ တရုတ်ပြည်သစ်ရဲ့ သမိုင်းအစမှာ အတွေးအခေါ် အယူအဆမှားယွင်းမှုတွေ၊ လုပ်နည်းလုပ်ဟန် မှားယွင်းမှုတွေ၊ တိမ်းပါးချွတ်ချော်မှုတွေရှိခဲ့ပေမယ့် တစ်ဆက်ပြီးတစ်ဆက် ဆက်ခံလာကြတဲ့ခေါင်းဆောင်မျိုးဆက်တွေက ဒီအပေါ်မှာ အပြစ်ပုံချတာမျိုး၊ နောက်ကြောင်းပြန်တာမျိုးမလုပ်ဘဲ ဒါဟာ မလွဲမသွေကြုံတွေ့ရမယ့် ဖြစ်စဉ်၊ မှားယွင်းတတ်တဲ့ သဘာဝအဖြစ် ရှုမြင်ကြပြီး နောက်ထပ်မမှားအောင် သင်ခန်းစာယူကြ ပြုပြင်ခဲ့ကြပါတယ်။

နိုင်ငံနဲ့လူမျိုးအတွက် ထာဝရကြီးမြတ်တဲ့ ခေါင်းဆောင်ကြီးတွေအဖြစ် မျိုးဆက်သစ် ခေါင်းဆောင်အဆက်ဆက်က နောက်လူတွေကို သင်ကြားပေးခဲ့ကြပြီး နိုင်ငံကို ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်လာအောင် အားထုတ်ကြိုးပမ်း အလုပ်လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ အပြုသဘောစိတ်ဓာတ်တွေကိုသာ မွေးမြူပြီး နိုင်ငံ့ခေါင်းဆောင်တွေနဲ့ပြည်သူတွေ တညီတညွတ်တည်း ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်လာအောင်၊ ဆယ်စုနှစ်တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မြင့်လာအောင် တည်ဆောက်အောင်မြင်ခဲ့ကြတာဟာ ကျွန်တော်တို့ အားကျအတုယူစရာပါ။

### ပါဝါရွှေ့ပြောင်းပြီ

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ရက်နေ့က တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တီယန်ကျင်းမြို့မှာ ကျင်းပခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation–SCO SUMMIT 2025 Plus) ဟာ ကမ္ဘာကအလေးထား ကြည့်ရှုခဲ့ကြရတဲ့ ထိပ်သီးအစည်းအဝေးတစ်ခု ဖြစ်ပါတယ်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဟာ သက်တမ်းအားဖြင့် ၂၅ နှစ်ရှိပြီဖြစ်ပြီး မူလအဖွဲ့ဝင် ၆ နိုင်ငံကနေ ၁၀ နိုင်ငံ၊ လေ့လာသူ ၂ နိုင်ငံနဲ့ ဆွေးနွေးဖက် ၁၅ နိုင်ငံ စုစုပေါင်း အသိုက်အဝန်းတစ်ခုလုံးအနေနဲ့ ၂၇ နိုင်ငံရှိပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၂၃ခုနှစ်မှာ SCO ရဲ့ ဆွေးနွေးဖက်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့တာဖြစ်ပြီး တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာအောင် အဆိုပြုထားသလို အဖွဲ့ဝင်နိုင်ငံတွေကလည်းလိုလားစွာ ထောက်ခံထားကြပါတယ်။

SCO SUMMIT 2025 Plus ဟာ ကျင်းပခဲ့ပြီးသမျှ ထိပ်သီးအစည်းအဝေးတွေထဲမှာ အကြီးမားဆုံး ထိပ်သီးအစည်းအဝေးဖြစ်ပြီး ဗဟုဝင်ရိုးကမ္ဘာရဲ့ အားအင်ပြည့်ဝတဲ့ သင်္ကေတတစ်ခုဖြစ်ပါတယ်။ အစဉ်အလာအားဖြင့် အနောက်အုပ်စုလွှမ်းမိုးချုပ်ကိုင်ခဲ့တဲ့ ဂလိုဘယ်ပါဝါရဲ့ ရွှေ့ပြောင်းမှုကို ထင်ထင်ရှားရှား ပြလိုက်တဲ့ အချက်ပြမှုဖြစ်တယ်လို့လည်း ပထဝီနိုင်ငံရေး လေ့လာသုံးသပ်သူတွေက ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါတယ်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအဆိုပြုချက် ၅ ခု၊ Global Governance Initiative ၅ ချက်ကို တင်သွင်းခဲ့ကြောင်း –

**ပထမအချက်**မှာ နိုင်ငံတိုင်းသည် တန်းတူအခွင့်အရေးရှိကြောင်းကို အခြေခံ၍ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်သင့်သည်။

**ဒုတိယအချက်**မှာ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၌ နိုင်ငံတကာဥပဒေသည် နိုင်ငံအားလုံးအပေါ်တွင် အညီအမျှစိုးမိုးရမည်ဟူသော အချက်ပေါ်တွင် အခြေခံသည်။

**တတိယအချက်**မှာ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် နိုင်ငံအများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုအပေါ်တွင် အခြေခံထားသည်။

**စတုတ္ထအချက်**မှာ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်တွင် ပြည်သူကို ဗဟိုပြုချဉ်းကပ်သောနည်းလမ်းများအပေါ်တွင်အခြေခံထားသင့်သည်။

**ပဉ္စမအချက်**အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် စစ်မှန်သောရလဒ်များပေါ်တွင်သာ အခြေခံထားသင့်သည်ဟု ပါရှိကြောင်း စက်တင်ဘာ ၁၂ ရက်က ကျင်းပတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့တို့ရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါ့အပြင် အဲဒီဆွေးနွေးချက် ၅ ချက်ဟာ မိမိတို့နဲ့ သဘောထားချင်း နီးစပ်ကိုက်ညီတဲ့အတွက် မိမိအနေဖြင့် ထောက်ခံဆွေးနွေးခဲ့ကြောင်း၊ ၎င်းအချက် ၅ ချက်ဟာ ကမ္ဘာမှာ လက်ရှိဖြစ်ပျက်နေတဲ့ ဖြစ်စဉ်များနဲ့လည်း ကိုက်ညီမှုရှိကြောင်း နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့ပါတယ်။

တရုတ်သမ္မတက အဆိုပြုခဲ့တဲ့ GGI ၅ ချက်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကြိုဆိုခဲ့တဲ့အကြောင်း ၎င်းရဲ့ ပြောရေးဆိုခွင့်ရှိသူ စတက်ဖန်း ဒူဂျာရိခ်က စက်တင်ဘာလ ၄ ရက်နေ့မှာ ပြုလုပ်တဲ့ နေ့စဉ်သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ကြောင်း CGTN သတင်းတစ်ပုဒ်မှာ ဖတ်ရှုလိုက်ရပါတယ်။ ၂၁ ရာစုမှာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရမှာဖြစ်ကြောင်းနဲ့ အမြဲတမ်းပြည်သူကို ပထမထားရှိရမှာဖြစ်ကြောင်းကိုလည်း ကုလသမဂ္ဂအကြီးအကဲက ပြောကြားခဲ့ကြောင်း အဲဒီသတင်းမှာ ထည့်သွင်းဖော်ပြထားပါတယ်။

### ပြန်လည်ရရှိခဲ့တဲ့ဂုဏ်သိက္ခာ

**ဒီဆောင်းပါးရဲ့အစကို ပြန်ကောက်ရရင် SCO ထိပ်သီးအစည်းအဝေးက မြန်မာနိုင်ငံ ဘာတွေရခဲ့သလဲဆိုတာ ပြောရမှာဖြစ်ပါတယ်။ SCO ထိပ်သီးအစည်းအဝေးကနေ မြန်မာနိုင်ငံရရှိခဲ့တဲ့ အဖိုးတန်ဆုံးအရာကတော့ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ နိုင်ငံရဲ့အချုပ်အခြာအာဏာကို နိုင်ငံတကာက အသိအမှတ်ပြုလေးစားမှုဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ ကေဝင်ရိုးကမ္ဘာ အခင်းအကျင်းမှာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ပြည်သူတွေ ဆုံးရှုံးခဲ့ရတဲ့ အဖိုးတန်အရာတွေဖြစ်ပါတယ်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူတစ်ယောက်မှာ ဂုဏ်သိက္ခာအရေးကြီးသလို နိုင်ငံတစ်နိုင်ငံမှာလည်း နိုင်ငံရဲ့ ဂုဏ်သိက္ခာ၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာက အရေးကြီးပါတယ်။**

> **“ နိုင်ငံတကာအလယ်မှာ နိုင်ငံရဲ့ ဂုဏ်သိက္ခာကို မြောင်းထဲရောက်အောင်ပို့ခဲ့ကြသူတွေဟာ အပြင်ကလူတွေမဟုတ်ဘဲ အတွင်းကထွက်သွားတဲ့လူတွေပါ။ အဓိကအားဖြင့် မြန်မာနိုင်ငံမှာမွေး၊ မြန်မာနိုင်ငံမှာကြီး၊ မြန်မာနိုင်ငံမှာ ပညာသင်ခဲ့ကြသူတွေဖြစ်ပြီး မြန်မာနိုင်ငံကို လိုရာပုံသွင်းလိုတဲ့နိုင်ငံကြီးတွေ၊ မြန်မာ့မြေ၊ မြန်မာ့ပိုင်နက်ကို ထိပါးလိုတဲ့ နိုင်ငံတွေရဲ့လက်ကိုင်တုတ်အဖြစ် အသုံးတော်ခံခဲ့ကြသူတွေဖြစ်ပါတယ်။ သူတို့ဟာ နိုင်ငံဖျက်ဆီးရေးအတွက် နောက်ကွယ်ကပေးတဲ့ အထောက်အပံ့တွေကိုယူ၊ အနောက်အုပ်စုက ပါလီမန်အမတ်တွေ၊ ကုလသမဂ္ဂယန္တရားထဲက လူပုဂ္ဂိုလ်တွေရဲ့ ဘောင်းဘီစ၊ စကတ်စကို နောက်က တကောက်ကောက်လိုက်ဆွဲပြီး အမိနိုင်ငံကို အိုးမဲသုတ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ဖြစ်နိုင်မယ်ဆိုရင် နိုင်ငံကို ချောက်ထဲရောက်အောင်တွန်းချပြီး အောင်ပွဲခံလိုကြတဲ့အထိ အတ္တရော မိုက်လုံးပါ ကြီးကြသူတွေ ဖြစ်တယ်။ တစ်နည်းအားဖြင့် ကေဝင်ရိုးကမ္ဘာကို ခြယ်လှယ်နေကြသူတွေအကြိုက် အနောက်တိုင်းတီးလုံးနဲ့ လိုက်ကနေသူတွေလည်းဖြစ် ”**

နိုင်ငံတကာအလယ်မှာ နိုင်ငံရဲ့ဂုဏ်သိက္ခာကို မြောင်းထဲရောက်အောင်ပို့ခဲ့ကြသူတွေဟာ အပြင်ကလူတွေမဟုတ်ဘဲ အတွင်းကထွက်သွားတဲ့လူတွေပါ။ အဓိကအားဖြင့် မြန်မာနိုင်ငံမှာမွေး၊ မြန်မာနိုင်ငံမှာကြီး၊ မြန်မာနိုင်ငံမှာ ပညာသင်ခဲ့ကြသူတွေဖြစ်ပြီး မြန်မာနိုင်ငံကို လိုရာပုံသွင်းလိုတဲ့ နိုင်ငံကြီးတွေ၊ မြန်မာ့မြေ၊ မြန်မာ့ပိုင်နက်ကို ထိပါးလိုတဲ့ နိုင်ငံတွေရဲ့လက်ကိုင်တုတ်အဖြစ် အသုံးတော်ခံခဲ့ကြသူတွေဖြစ်ပါတယ်။ သူတို့ဟာ နိုင်ငံဖျက်ဆီးရေးအတွက် နောက်ကွယ်ကပေးတဲ့ အထောက်အပံ့တွေကိုယူ၊ အနောက်အုပ်စုက ပါလီမန်အမတ်တွေ၊ ကုလသမဂ္ဂယန္တရားထဲက လူပုဂ္ဂိုလ်တွေရဲ့ ဘောင်းဘီစ၊ စကတ်စကို နောက်က တကောက်ကောက်လိုက်ဆွဲပြီး အမိနိုင်ငံကို အိုးမဲသုတ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ဖြစ်နိုင်မယ်ဆိုရင် နိုင်ငံကို ချောက်ထဲရောက်အောင် တွန်းချပြီး အောင်ပွဲခံလိုကြတဲ့အထိ အတ္တရော မိုက်လုံးပါ ကြီးကြသူတွေဖြစ်တယ်။ တစ်နည်းအားဖြင့် ကေဝင်ရိုးကမ္ဘာကို ခြယ်လှယ်နေကြသူတွေအကြိုက် အနောက်တိုင်းတီးလုံးနဲ့ လိုက်ကနေသူတွေလည်းဖြစ်ပါတယ်။

ရလဒ်အနေနဲ့ အနောက်အုပ်စုဦးဆောင်တဲ့ ကေဝင်ရိုးကမ္ဘာ အခင်းအကျင်းမှာ မြန်မာနိုင်ငံဟာ ဂုဏ်သိက္ခာပျောက်ဆုံးခဲ့ရပါတယ်။ ပျောက်ဆုံးတယ်ဆိုတာထက် ဆွဲယူလွှင့်ပစ်ခံခဲ့ရတာပါ။ နိုင်ငံတစ်နိုင်ငံအနေနဲ့ တန်းတူရည်တူ ဆက်ဆံခြင်းမခံရသလို အချုပ်အခြာအာဏာအပေါ် လေးစားမှုလည်း လျစ်လျူရှုခံခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ပကတိပြည်တွင်းရေး အခြေအနေမှန်တွေကို မျက်ကွယ်ပြုပြီး ဖိအားပေးစေခိုင်းမှုတွေ၊ အရေးယူပိတ်ဆို့မှုတွေကို တခြားဘယ်နိုင်ငံတွေနဲ့မှမတူအောင် ပြုမူလုပ်ဆောင်ခဲ့ကြပါတယ်။ ခြေတံလက်တံရှည်လှတဲ့ ကေဝင်ရိုးကမ္ဘာရဲ့ အင်အားစုတွေဟာ ကုလသမဂ္ဂယန္တရားကို အသုံးချရုံမျှမက အာဆီယံလို ဒေသဆိုင်ရာ နိုင်ငံအဖွဲ့အစည်းအထိ သွေးခွဲစည်းရုံးပြီး မြန်မာနိုင်ငံကို ဘေးဖယ်ထားဖို့ သူတို့ဩဇာမကင်းတဲ့ နိုင်ငံတွေက တစ်ဆင့်လုပ်ခဲ့ကြပါတယ်။ အကျိုးဆက်အနေနဲ့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်နိုင်ဖို့အတွက် အခက်အခဲ အကျပ်အတည်းတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရပြီး သူများထက် ပိုရုန်းကန်ခဲ့ရပါတယ်။

**မြန်မာနိုင်ငံကို ဝိုင်းပြီးဖိနှိပ်ခဲ့ကြတဲ့ထဲက မမေ့နိုင်စရာတစ်ခုကို ပြန်ပြောရရင် ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုလှိုင်း အမြင့်ဆုံးကာလကို ဝမ်းနည်းစရာအဖြစ် ပြန်ပြောရမှာပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစီအစဉ်နဲ့ တစ်ကမ္ဘာလုံးကို ဖြန့်ဝေခဲ့တဲ့ ကိုဗစ်–၁၉ ကာကွယ်ဆေးကို မြန်မာနိုင်ငံကို မပေးခဲ့ပါဘူး။ အကြိမ်ကြိမ်တောင်းခံပါလျက်နဲ့ မပေးခဲ့တာဟာ အံ့ဩဖွယ်ကောင်းလောက်အောင် ကျင့်ဝတ်ချိုးဖောက်မှု၊ ရက်စက်မှုဖြစ်ပါတယ်။ ဒီအခြေအနေမှာ ပထမဦးဆုံးကူညီခဲ့တာ တရုတ်နိုင်ငံဖြစ်ပါတယ်။ ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေအသက်ထက်အရေးကြီးတာ ဘာမှမရှိဘူးလို့ ခံယူထားတဲ့ နိုင်ငံတော်အစိုးရအနေနဲ့ လိုအပ်တဲ့ကာကွယ်ဆေးတွေဝယ်ယူတာ၊ ပြည်တွင်းမှာ တစ်စိတ်တစ်ပိုင်းထုတ်လုပ်တာတွေကို ခွန်အားစိုက်ထုတ်လုပ်ဆောင်ခဲ့ပါတယ်။**

ကျွန်တော်တို့တစ်နိုင်ငံလုံး ထိုးခဲ့ကြတဲ့ ကိုဗစ်–၁၉ ကာကွယ်ဆေးတွေဟာ ဒီကနေ့ SCO ထိပ်သီးနိုင်ငံကြီးတွေဖြစ်တဲ့၊ RIC လို့ အတိုကောက်ခေါ်ကြတဲ့ ရုရှား၊ အိန္ဒိယ၊ တရုတ်တို့က ထုတ်လုပ်ပေးခဲ့ကြတဲ့ဆေးတွေဖြစ်ပါတယ်။ မှတ်မိသလောက်ပြောရရင် နိုင်ငံတော်အစိုးရက ကိုဗစ်–၁၉ ကာကွယ်ဆေးအလုံးရေ (dose) ပေါင်း ၄၅ သန်းလောက်ဝယ်ယူပြီး နိုင်ငံသားတွေကို ကိုဗစ်–၁၉ ကူးစက်မှုကနေ ကာကွယ်ပေးခဲ့တာဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ အချိန်နောက်ကျပြီးမှ ကာကွယ်ဆေးနှစ်သန်းလောက်ကို သူတို့မပေးဘူးလို့ မဖြစ်ရအောင် ဝတ်ကျေတန်းကျေပေးခဲ့ပါတယ်။

### ပိုမိုကောင်းမွန်ပြည့်စုံတဲ့ မြင့်တင်မှု

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့မှုအတွင်း SCO ထိပ်သီးအစည်းအဝေးနဲ့ တရုတ်ပြည်သူတွေရဲ့ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနဲ့ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အခမ်းအနား တက်ရောက်ခဲ့တာ၊ အခြားနိုင်ငံ့ခေါင်းဆောင်တွေအပါအဝင် တရုတ်၊ အိန္ဒိယ၊ လာအိုနိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့တာကနေ မိမိတို့ရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားတွေအတွက် အကျိုးဖြစ်ထွန်းစေခဲ့တာနဲ့ပတ်သက်ပြီး သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းရဲ့ သတင်းမီဒီယာတွေနဲ့ ဖြေကြားချက်မှာ **“မြန်မာနိုင်ငံအနေနဲ့က နိုင်ငံတကာမှာ သူတို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ မြန်မာနိုင်ငံထဲမှာရှိတဲ့ စည်းလုံးညီညွတ်မှုမရှိတဲ့သူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေအရ နိုင်ငံရေးအရ မြန်မာနိုင်ငံဟာ နိုင်ငံတကာရေးရာမှာ နည်းနည်းနောက်ကျနေတဲ့အခြေအနေမျိုးရှိတယ်။ ဒါယခင်ကတည်းကတိုင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ယခင် ရုရှားခရီးစဉ်တွေ၊ တရုတ်သမ္မတကြီးနဲ့ခရီးစဉ်မှာ မြှင့်တင်ပေးပါတယ်။ ခုဟာက ပိုပြီးတော့ ကောင်းတဲ့မြှင့်တင်မှု၊ ပိုပြီးတော့ပြည့်စုံတဲ့မြှင့်တင်မှုလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာမှာ ပြန်လည်ပြီးသိက္ခာရှိရှိရပ်တည်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တယ်”** လို့ ပါရှိခဲ့ပါတယ်။

တစ်ချိန်တစ်ခါက ကမ္ဘာ့အစီအစဉ်ဟောင်းတစ်ခုမှာ မိမိတို့နိုင်ငံတော်နဲ့ နိုင်ငံသားတို့ ဆုံးရှုံးခဲ့ရတဲ့ နိုင်ငံ့ဂုဏ်သိက္ခာဟာ ကမ္ဘာ့အစီအစဉ်သစ်မှာ နိုင်ငံ့အကြီးအကဲရဲ့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မိမိတို့ ပြန်လည်ရရှိခဲ့ပြီဖြစ်ပါတယ်။ သည့်ထက်ပိုပြီးလည်း နိုင်ငံနဲ့ပြည်သူတို့အတွက် မျှော်လင့်ချက်တွေ၊ အခွင့်အလမ်းတွေပါ အမြောက်အမြား သယ်ပိုးပါရှိခဲ့တာဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာ ပြန်လည်တောက်ပလာစေဖို့၊ နိုင်ငံနဲ့ ပြည်သူတို့ရဲ့ မျှော်လင့်ချက်တွေ လက်တွေ့ဘဝမှာ အခိုင်အမာ ဖြစ်တည်အကောင်အထည်ပေါ်လာစေဖို့၊ အခွင့်အလမ်းတွေကို အကျိုးကျေးဇူးတွေဖြစ်လာအောင် ပြောင်းလဲဖို့ရာမှာ အစိုးရနဲ့ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြဖို့လိုသလို နိုင်ငံတစ်ဝန်းလုံးမှာ စည်းလုံးညီညွတ်ကြဖို့လိုပါတယ်။

ငါတို့အားလုံး မြန်မာဆိုတဲ့စိတ်ဓာတ်နဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ တစ်ခုတည်းသောဦးတည်ချက်ကို တညီတညွတ်တည်း ဖွဲ့လုံ့လဝီရိယထက်သန်တက်ကြွစွာ အကောင်အထည်ဖော်ကြဖို့ လိုပါတယ်။ နိုင်ငံနဲ့လူမျိုး ပျက်သုဉ်းစေတဲ့အထိ အန္တရာယ်ရှိတဲ့ ပဋိပက္ခတွေ၊ ဝိရောဓိတွေ၊ ဆန့်ကျင်မှုတွေ၊ အဖျက်စိတ်ဓာတ်နဲ့ အဖျက်လုပ်ရပ်တွေကို စည်းလုံးမှု၊ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်မှု၊ အပြုသဘောဆောင်တဲ့စိတ်ဓာတ်နဲ့ အပြုသဘောဆောင်ရွက်မှုတွေနဲ့ အစားထိုးနိုင်ကြရမှာလည်း ဖြစ်ပါတယ်။

လာမယ့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပပြီး ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့အစိုးရနဲ့ ဒီမိုကရေစီရှေ့ခရီးကို ဆက်ကြရမှာဖြစ်လို့ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းဖို့ နိုင်ငံသူ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ ပြည်သူတွေက ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်၊ အစိုးရအဖွဲ့တွေနဲ့ ပြည်သူတို့စုပေါင်းအားနဲ့ နိုင်ငံကို အင်အားခိုင်မာတောင့်တင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ဝိုင်းဝန်းတည်ဆောက်ကြရမှာလည်း ဖြစ်ပါတယ်။

နိုင်ငံရဲ့အင်အားဟာ နိုင်ငံ့စီးပွားပေါ်မှာ အခြေစိုက်တာဖြစ်တဲ့အတွက် နိုင်ငံ့စီးပွားမြင့်မားအောင် အစိုးရရဲ့ ဦးဆောင်စီမံခန့်ခွဲမှု၊ ပြည်သူတွေရဲ့ ကာယ၊ ဉာဏ၊ လုံ့လ စိုက်ထုတ်မှုတွေနဲ့ ဦးလည်မသုန် ကြိုးပမ်းကြဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မယ်၊ နိုင်ငံသားတစ်ဦးချင်းစီတိုင်း စည်းကမ်းရှိကြမယ်၊ နိုင်ငံ့စီးပွား မြင့်မားအောင်စွမ်းဆောင်နိုင်ကြမယ်ဆိုရင် ကျွန်တော်တို့အားလုံး ကမ္ဘာ့အလယ်မှာ ခေါင်းမော့ရင်ကော့နိုင်ပြီလို့ ဆိုရမှာဖြစ်ကြောင်းပါ။ ။

# မြန်မာ – တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့် ရုံးအဖွဲ့အစည်းများမှဝန်ထမ်းများအတွက် အိမ်သုံးဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၇

**မြန်မာ – တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ရှိ သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများ အသုံးပြုရန်အတွက် အိမ်သုံးဆိုလာမီးအိမ်များကို ယနေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရုံးများသို့ လာရောက်လှူဒါန်းသည်။**



ထိုသို့လှူဒါန်းရာတွင် မြန်မာ– တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်း မိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ထံလည်းကောင်း **(ယာပုံ)**၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်း မိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ထံလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများအတွက် ငွေကျပ်သိန်း ၁၅၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၅၀ ကိုပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းထံလည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း မိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး ထံလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး) ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့်အေးသာယာမြို့ စွယ်တော်ကျောင်းတိုက်အတွင်းရှိ Rc နှစ်ထပ် ကျောင်းသား ကျောင်းသူ အိပ်ဆောင် ရေစက်ချလှူဒါန်းခြင်း အခမ်းအနားသို့တက်ရောက်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ တာဝန်ရှိသူများနှင့်အတူ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ – ရပ်စောက် ပြည်ထောင်စုလမ်းမကြီးမှ ကုံလုံစံကျောင်းသွားလမ်း တစ်မိုင်တစ်ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းနေမှုကို လည်းကောင်း၊ ပင်းတယမြို့နယ် တံတားကြီးကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ကုန်းစောင်းကျေးရွာ၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပင်းတယမြို့နယ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ကျောင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကွန်ပျူတာတက္ကသိုလ်(ပြည်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၇** သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (ပြည်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာ တက္ကသိုလ်ပင်မဆောင်၌ ကျောင်းသား ကျောင်းသူများ ခင်းကျင်းပြသထားသော ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး အပါအဝင် တန်ခိုးကြီး ဘုရားများဆိုင်ရာ Pagoda Digital Directory Website ဆောင်ရွက်ပြီးစီးမှု၊ ကမ္ဘာ့အမွေအနှစ်ဒေသ သရေခေတ္တရာမြို့ဟောင်းနှင့် အခြားဒေသများကို Website နှင့် QR code များ ဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ ဆိုလာစွမ်းအင်စနစ် တွက်ချက်မှုများ၊ လုံခြုံရေးစနစ်များ၌ AI နည်းပညာအသုံးပြု သုတေသနလုပ်ငန်းများမှ ရလဒ်များကို ကြည့်ရှုစစ်ဆေးပြီး သုတေသနဂုဏ်ပြုဆုများ၊ နည်းပညာ၊ သုတနှင့် ရသစာအုပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အစိုးရနည်းပညာ အထက်တန်းကျောင်း (ပြည်) ၌ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများ၊ သုတနှင့် ရသစာအုပ်များကို ပေးအပ်သည်။

ယင်းနောက် ပြည်နည်းပညာတက္ကသိုလ်ရှိ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာနက ဆောင်ရွက်ထားသော ဆိုလာထုတ်လုပ်စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ထိန်းချုပ်စနစ်၊ မြို့ပြအင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ စက်မှုအီလက်ထရောနစ် အင်ဂျင်နီယာဌာန၊ သုတနည်းပညာအင်ဂျင်နီယာဌာနတို့ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ခင်းကျင်းပြသထားသော သုတေသနလုပ်ငန်းများ၏ ရလဒ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများကို သုတေသနဂုဏ်ပြုဆုများ ချီးမြှင့်ကာ နည်းပညာ၊ သုတနှင့် ရသစာအုပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

PDF Game
ဆော့ကစားခြင်းကြောင့်
ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

သစ်တောမှန်လျှင်
အသုံးဝင်၊
အစဉ်ထာဝရ
ထိန်းသိမ်းကြ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်း ကျောင်းသား ကျောင်းသူများ ဒုတိယနှစ်ဝက်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၁၇**

Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေ)၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ်ဂုဏ်ထူးတန်း၊ တတိယနှစ် ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာတန်း ပထမနှစ်သင်တန်းများ၏ ဒုတိယစာသင်နှစ်ဝက် စာမေးပွဲတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုကို ယနေ့နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ စာမေးပွဲလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၏ ၂၀၂၄-၂၀၂၅ ခုနှစ် ဒုတိယပညာသင်နှစ်ဝက် စာမေးပွဲများကို စက်တင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ဖြေဆိုကြမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Naypyitaw State Academy အတွင်း တည်ဆောက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၇**

အင်အားပြင်း မန္တလေးငလျင်ကြီး ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ ရန်ပုံငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ အဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထောက်အကူပြု လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌက ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ထားရှိမှု၊ ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာကြသူများက ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ထပ်မံလျှောက်ထားလာသည့် ဘဏ်များအား စံသတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြခြင်း၊ ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ ဘဏ္ဍာငွေလွှဲပြောင်းရန်အတွက် အဆိုပြုဘဏ်များ တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများမှတစ်ဆင့် ချေးငွေအဆိုပြုလျှောက်လွှာများ တင်ပြလာပါက စိစစ်ရမည့်အချက်များကို ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**၁၇ - ၉ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၂၀၀ | ၁၅၂၀၀၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၆၅၉၆ | ၂၀၇၇၇၄၀၀ |
| MCB | ၇၄၀၀ | ၇၅၀၀ | ၁၁၁ | ၈၃၂၅၀၀ |
| FPB | ၂၀၅၀ | ၂၁၀၀ | ၁၁၂၇ | ၂၃၃၇၉၅၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၈၀၇ | ၂၀၉၈၂၀၀ |
| EFR | ၁၈၅၀ | ၁၉၅၀ | ၂၀၄၈ | ၃၉၃၈၈၅၀ |
| AMATA | ၃၃၀၀ | ၃၃၅၀ | ၆၂ | ၂၀၄၇၅၀ |
| MAEX | ၃၂၅၀ | ၃၂၅၀ | ၅၀ | ၁၆၂၅၀၀ |

### မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် စက်တင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှစတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့သနပ်ခါးလိမ်းခြယ်မှုဓလေ့" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (စက်တင်ဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ကျော်နန္ဒအောင်၊ မောင်ခင်ညို (မန်းတက္ကသိုလ်) တို့၏ "ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် မြန်မာ့သနပ်ခါးလိမ်းခြယ်မှုဓလေ့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီမော်သိမ်း၊ ထက်ဝေအောင် (စစ်ကိုင်း)၊ မြသာဝင်း၊ ညီညီဖေ၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ကိုကိုအောင် (အလုပ်သမား) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ စန်းနီလာဝင်း၊ ရှင်စောဖြူတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ အေးထွန်းမင်း၊ မြသိန်း၊ စောနိုင် (အသုံးချ ဘောဂဗေဒ)၊ ဒေါက်တာ သန်းထွဋ် တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ရန်ကုန်ဌေးဇော်၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ရဲရင့်နဒီ၏ ကလေးအလုပ်သမားဆိုင်ရာဆောင်းပါး၊ နေ ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ပါမောက္ခ ဦးသိန်းလှိုင်၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ရဲထက်ဇော်၊ ဒေါက်တာ စန်းဦး၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉- ၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ၂၀၂၀ ရွေးကောက်ပွဲအလွန် - စိန်ခေါ်မှုများကို ကျော်လွှားပြီး တည်ငြိမ်အေးချမ်းမှုဆီသို့ (၄)

ကောင်းပြည့်

ထိုမျှမက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာရင် ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ ကြိုတင်ကာကွယ်ရေးအစီအစဉ်တွေ ချမှတ်ပြီး ပြည်သူလူထု ဘဝလုံခြုံရေးကို အလေးထား ဆောင်ရွက်ပေးခဲ့ပါတယ်။

**မဟာဗျူဟာမြောက် မဏ္ဍိုင်ကြီးသုံးရပ်ကို ချမှတ်ဆောင်ရွက်**

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ရာဂီမုန်တိုင်းကြောင့် သေဆုံးခဲ့ရသူ ၄၄၀ ကျော်အတွက် ငွေကျပ် ၄၄၇ ဒသမ ၁ သန်း၊ လူနေအိမ်ပျက်စီးမှုအတွက် ငွေကျပ် ၂၁ ဒသမ ၂ ဘီလီယံကျော်နဲ့ အခြားထောက်ပံ့ခြင်းတွေအဖြစ် ငွေကျပ် ၃၈ ဒသမ ၉ ဘီလီယံကျော် ထောက်ပံ့ပေးခဲ့ပါတယ်။ ၂၀၂၅ ခုနှစ် မတ်လအတွင်းဖြစ်ပေါ်ခဲ့တဲ့ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ထူထောင်ဖို့နဲ့ အားကောင်းလာစေဖို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးမှုများနဲ့ လူမှုကာကွယ်ရေး (Humanitarian relief and social protection)၊ အခြေခံအဆောက်အအုံတွေပြန်လည်တည်ဆောက်ရေးနဲ့ စီးပွားရေးပြန်လည်ရှင်သန်ခြင်း (Infrastructure reconstruction and economic revival) နဲ့ ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိတဲ့ ပြုပြင်ပြောင်းလဲမှုတွေ (Reform anchored in resilience and inclusivity) ဆိုတဲ့ မဟာဗျူဟာမြောက် မဏ္ဍိုင်ကြီးသုံးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

ဒီမဟာဗျူဟာတွေ ချမှတ်ရခြင်းရဲ့ ရည်ရွယ်ချက်တွေက ငလျင်ဘေးအလွန်ကာလမှာ ဖြစ်ပေါ်လာမယ့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်စီးပွားရေးအသစ်တွေ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမယ့် အခွင့်အလမ်းတွေနဲ့ ကြုံတွေ့ရနိုင်တဲ့ စိန်ခေါ်မှုများကိုသိရှိနိုင်စေဖို့၊ မြန်မာနိုင်ငံရဲ့ပထဝီနိုင်ငံရေး အခင်းအကျင်းနဲ့ ပထဝီစီးပွားရေးအခွင့်အလမ်းတွေကို သိရှိအသုံးချပြီး ပြည်တွင်းထုတ်ကုန်ပစ္စည်းတွေကို ဈေးကွက်ချဲ့ထွင်နိုင်ရေးနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အချင်းချင်းပေါင်းစည်းမြှင့်တင်နိုင်ဖို့တို့ ဖြစ်ပါတယ်။

**နိုင်ငံတကာအဆင့် ညီလာခံတွေ အောင်မြင်စွာကျင်းပနိုင်ခဲ့**

မန္တလေးငလျင်ကြီးအတွက် ၂၀၂၅ ခုနှစ် ဇွန်လ ၇ ရက်နေ့အထိ စုစုပေါင်း သုံးစွဲပြီးစီးငွေပမာဏက ငွေကျပ် ၂၆၄ ဒသမ ၆၅၆ ဘီလီယံဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုကြောင့် ပြည်သူတွေရဲ့ ဆုံးရှုံးမှုတွေကလည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်မှာ အကျုံးဝင်တဲ့အတွက် နိုင်ငံတော်အနေနဲ့ တိုက်ပွဲရှောင်ပြည်သူတွေကို တစ်ဦး ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ပေးခဲ့ပါတယ်။

အုပ်ချုပ်ရေးယန္တရားချောမွေ့စေဖို့ ဗဟိုအစိုးရအဖွဲ့အစည်းတွေ၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းတွေ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ ချောမွေ့စွာလည်ပတ်နိုင်ဖို့ ကြိုးကြပ်ကွပ်ကဲခြင်း၊ နိုင်ငံ့ဝန်ထမ်းတွေ စနစ်တကျလုပ်ငန်းဆောင်ရွက်နိုင်ဖို့ကြီးကြပ်ခြင်းနဲ့ဝန်ထမ်းအင်အား ဖြည့်တင်းခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ရထားလမ်း၊ လေကြောင်းလိုင်းတွေ ပြန်လည်ဖွင့်လှစ်ပြီး စနစ်တကျလည်ပတ်စေခြင်းအပြင် ဆက်သွယ်ရေးကဏ္ဍ (အင်တာနက်၊ ဖုန်း) တည်ငြိမ်ရေးကို ထိန်းသိမ်းခြင်းနဲ့ ကွန်ရက်ချဲ့ထွင်ခြင်းတွေကိုလည်း လုပ်ဆောင်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့ ဝေဖန်မှုနဲ့ဖိအားပေးမှုတွေကြားကပဲ နိုင်ငံတကာဆက်ဆံရေးကို အတိုင်းအတာတစ်ခုအထိ ကျော်လွှန်အောင်ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ အာဆီယံအဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိနေခြင်းနဲ့ အာဆီယံရဲ့ ဘုံသဘောတူညီချက် ငါးရပ်လို ဆုံးဖြတ်ချက်အချို့ကို အတိုင်းအတာတစ်ခုအထိ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စတဲ့အိမ်နီးချင်းနိုင်ငံတွေနဲ့ ကုန်သွယ်ရေး၊ နယ်စပ်လုံခြုံရေးနဲ့ သံတမန်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အားပေးဆောင်ရွက်ခဲ့ပြီး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာဖိုရမ်တွေမှာ မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုအနေနဲ့ပါဝင်ကာ နိုင်ငံရဲ့ ရပ်တည်ချက်ကို ချပြနိုင်ခဲ့ပါတယ်။ နိုင်ငံအတွင်းမှာလည်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာအဆင့် ညီလာခံတွေကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

**ကမ္ဘာ့အင်အားကြီးနိုင်ငံတွေနဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးတည်ဆောက်နိုင်ခဲ့**

နိုင်ငံတော်အကြီးအကဲအနေနဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရေးရာတွေအပြင် နိုင်ငံတကာဆက်ဆံရေးကိုလည်း အထူးအလေးထားဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ အထူးသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့လို ကမ္ဘာ့အင်အားကြီးနိုင်ငံတွေနဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ခြင်းဟာ နိုင်ငံရဲ့ နိုင်ငံတကာအဆင့်အတန်းကို မြှင့်တင်နိုင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ၂၀၂၅ ခုနှစ် မတ်လက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်ဟာ ဒီဆက်ဆံရေးရဲ့ အထင်ရှားဆုံး သာဓကတစ်ခုဖြစ်ပါတယ်။ အဲဒီခရီးစဉ်မှာ ရုရှားနိုင်ငံသမ္မတ H.E Vladimir Vladimirovich Putin အပါအဝင် ထိပ်တန်းခေါင်းဆောင်များဖြစ်တဲ့ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E Mikhail Vladimirovich Mishustim၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu၊ ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်တဲ့အဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich တို့နဲ့ ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာနဲ့ ကဏ္ဍပေါင်းစုံမှာ မဟာဗျူဟာမြောက် ဆွေးနွေးနိုင်ခဲ့ပါတယ်။

အဲဒီခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြား ပညာရေးအရည်အချင်း သတ်မှတ်ချက်နဲ့ ပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနဲ့ အားကစားကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်ခြင်းစာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရာမှာ နျူကလီးယားနဲ့ ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနဲ့ ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနဲ့နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်နဲ့ ပြင်ပအာကာသစူးစမ်းလေ့လာရေးနဲ့ အသုံးပြုမှုနယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနဲ့ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနဲ့ အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ် (မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းမှုအောင်မြင်စွာပြီးမြောက်ခြင်းနဲ့ စပ်လျဉ်းပြီး ပူးတွဲကြေညာချက်တွေကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်အပြီး တစ်ဆက်တည်းမှာ နိုင်ငံတော်အကြီးအကဲက ဘယ်လာရုစ်သမ္မတနိုင်ငံကိုလည်း သွားရောက်ခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာတွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ ဒီလက်မှတ်ရေးထိုးမှုတွေဟာ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေဖို့ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

**နိုင်ငံရဲ့အကျိုးစီးပွားကို အစွမ်းကုန်မြှင့်တင်ဖို့ ရည်ရွယ်ထား**

နိုင်ငံတော်အကြီးအကဲက ပြည်တွင်းတည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားလုပ်ဆောင်နေသလို နိုင်ငံတကာမှာလည်း မြန်မာနိုင်ငံရဲ့ ရပ်တည်မှုကို ခိုင်မာအောင်တည်ဆောက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ချဲ့ထွင်ဖို့ အားထုတ်ခဲ့တယ်လို့ မြင်မိပါတယ်။ ဒီလိုလုပ်ဆောင်ချက်တွေဟာ နိုင်ငံရဲ့ အနာဂတ်အတွက် အခြေခံကောင်းတွေ ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက နိုင်ငံရဲ့ အကျိုးစီးပွားကို အစွမ်းကုန်မြှင့်တင်ဖို့ ရည်ရွယ်ထားပုံ ထင်ရှားလှပါတယ်။

ဒီလို လုပ်ဆောင်ချက်တွေကြောင့် မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် အခြေခံကောင်းတွေ ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေးကဏ္ဍကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေသလို နိုင်ငံ့စီးပွားရေးနဲ့လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့လို့ တိုးတက်အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ခြင်းတွေကို အဓိကလုပ်ငန်းစဉ်ကြီးအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ မိမိတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်အောင်မြင်စေဖို့အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းတာနဲ့ တစ်ပြိုင်နက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးဖို့ ထပ်ကာတလဲလဲကြေညာထားပြီးဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူချိန်ကတည်းက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာဖြစ်ပေါ်ခဲ့တဲ့ မဲမသမာမှုများကို ပြန်လည်စစ်ဆေးခဲ့ပါတယ်။ ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မြို့နယ်တွေက မဲစာရင်းတွေကို အသေးစိတ်စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိတဲ့ မဲမသမာမှုဆိုင်ရာတွေ့ရှိချက်တွေကို ထုတ်ပြန်ကာ တာဝန်ရှိသူများကိုလည်း ဥပဒေအတိုင်း အရေးယူခဲ့ကြောင်း သိရပါတယ်။

**ဒီမိုကရေစီလမ်းကြောင်းပျက်ယွင်းမှုကို ပြန်လည်တည့်မတ်ပေးနိုင်ရေးကြိုးပမ်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ် ၅ ရပ်နဲ့ ဦးတည်ချက် ၉ ရပ်တို့ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြောင့် ဖြစ်ပေါ်လာတဲ့ ဒီမိုကရေစီလမ်းကြောင်းပျက်ယွင်းမှုကို ပြန်လည်တည့်မတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

- နိုင်ငံတော်အကြီးအကဲက ပြည်တွင်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားလုပ်ဆောင်နေသလို နိုင်ငံတကာမှာလည်း မြန်မာနိုင်ငံရဲ့ ရပ်တည်မှုကို ခိုင်မာအောင်တည်ဆောက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ချဲ့ထွင်ဖို့ အားထုတ်ခဲ့တယ်
- ဒီလိုလုပ်ဆောင်ချက်တွေဟာ နိုင်ငံရဲ့ အနာဂတ်အတွက် အခြေခံကောင်းတွေ ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက နိုင်ငံရဲ့ အကျိုးစီးပွားကို အစွမ်းကုန်မြှင့်တင်ဖို့ ရည်ရွယ်ထားပုံ ထင်ရှားလှပါတယ်
- နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေးကဏ္ဍကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေသလို နိုင်ငံ့စီးပွားရေးနဲ့ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့လို့ တိုးတက်အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲနှင့် ပြည်သူများအား မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့မျက်စိခွဲစိတ်ကုသပေးနေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၇**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အမှတ် (၆)အခြေခံ ပညာအထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော် အနေဖြင့် မြို့နယ်(၈) မြို့နယ်အတွင်းတွင် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်အဆင့် အခြေခံပညာကျောင်းသားအားကစားပွဲတော်နှင့် အာဆီယံကျောင်းသား အားကစားပွဲတော် (ASEAN School Games)များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက်ရည်ရွယ်၍ ယခုကဲ့သို့ နေပြည်တော်အဆင့်ပြိုင်ပွဲများကို ပဏာမကျင်းပဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပျဉ်းမနားမှ ကျောင်းသား ကျောင်းသူများက ကိုယ်ကာယကြံ့ခိုင်မှု အတွဲအမှတ် (၃) (၄) နှင့် Physical Fitness Exercise (PE -22) ကကွက်များဖြင့် သရုပ်ပြဖျော်ဖြေ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများက အေရိုးဗစ်အကဖြင့် ဖျော်ဖြေကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကဖြင့်ဖျော်ဖြေတင်ဆက်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများပေးအပ်၍ ဘောလုံးအားကစားယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ သဲဖြူဆရာတော်ကြီးအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်ပံ့ပိုးမှု၊ နေပြည်တော်ကောင်စီ၏ ပံ့ပိုးမှုနှင့် အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သွားနှင့် ခံတွင်းအထူးကုဆေးရုံကြီး၌ နေပြည်တော် မျက်စိ၊ နား၊



နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီးမှ ပါမောက္ခ(မျက်စိ) နှင့် မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့မျက်စိခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးကာ လာရောက်ဆေးကုသမှုခံယူသည့် ပြည်သူများအား နေကာ မျက်မှန်၊ ပါဝါမျက်မှန်များနှင့် အာဟာရဖြစ်စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးရုံအစည်းအဝေးခန်းမ၌ အခမဲ့ မျက်စိခွဲစိတ်ကုသလှူဒါန်းမှုအတွက် တရားနာရေစက်ချ အလှူပြုလုပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

---

# ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက သုံးခွမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သုံးခွမြို့နယ် သုံးခွ - ခရမ်း ကားလမ်းဘေး၌ ကားလမ်းတူးမြောင်း(၀ ဒသမ ၈) မိုင်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သုံးခွ- ခရမ်း ကားလမ်းဘေး တူးမြောင်း ရေပိုမို သိုလှောင်ပြီး စိုက်ပျိုးရေ အသုံးချနိုင်ရေးအတွက် ထပ်မံတူးဖော်ဆောင်ရွက်ပေးရန်၊ ထွက်ရှိလာသောမြေသားများကို တာလမ်းဘေးလမ်းပခုံး တိုးချဲ့ဆောင်ရွက်ရန်နှင့် တူးမြောင်းရေ ပိုမိုသိုလှောင်နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သုံးခွမြို့နယ် ပဒတ္ထိုင်းကျေးရွာအုပ်စု သုံးခွမြို့ရောင်လမ်း၏ မိုင်တိုင် (၃/၁-၃/၂) ကြားရှိ နံ့ယောချောင်းတံတား ၂၅၂ ပေ တည်ဆောက်မှုအခြေအနေများကို လည်းကောင်း၊ သုံးခွမြို့နယ်၊ သုံးခွအနောက်ကျေးရွာအုပ်စုရှိ သုံးခွမြို့ရောင်လမ်း၏ မိုင်တိုင်(၂/၂-၂/၃)ကြားရှိ အရှည် ပေ ၂၂၀ ရှိ ပဒိုင်း - နံ့ယော တံတားတည်ဆောက်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သုံးခွမြို့ရောင်လမ်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်စွာ ဆောင်ရွက်ရန်နှင့် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့ MFF Futsal Stadium ၊ သုဝဏ္ဏာတွင် FIRE DRAGON FUTSAL OPEN CUP ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး FD TEAM FC နှင့် ACTOR FC တို့ ချစ်ကြည်ရေးကစားပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

---

## ပျဉ်းမနားမြို့နယ်၌ အသက်ငါးနှစ်အောက် ကလေးငယ်များအား အာဟာရအခြေအနေဆန်းစစ်ခြင်းဆောင်ရွက်

ပျဉ်းမနား စက်တင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ယောက်သွားအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ကံဦးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဦးကျေးရပ်ကွက် မေတ္တာမွန်ခန်းမတို့၌ ယနေ့နံနက်ပိုင်းက အသက်ငါးနှစ်အောက် ကလေးငယ်များအား အာဟာရအခြေအနေဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါဆောင်ရွက်မှုကို ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာ) ဒေါက်တာသန်းနိုင်စိုးနှင့် အာဟာရဌာနခွဲမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပျဉ်းမနားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်၍ လိုအပ်သည်များ ပံ့ပိုးပေးပြီး အဆိုပါစုရပ်များ၌ အသက်ငါးနှစ်အောက် ကလေးငယ်များအား အာဟာရအခြေအနေဆန်းစစ်ခြင်း၊ အင်အားပြည့်ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ အဏုအာဟာရဆေးမှုန့်များ ပေးအပ်ခြင်း၊ အာဟာရချို့တဲ့သောကလေးများအား ကုသမှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ အသက်ငါးနှစ်အောက် ကလေးပေါင်း ၂၅၀ ကျော်အား စောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**ရွှေပြည်တော်**



---

*စာမျက်နှာ ၁၀ မှ*

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) အဖွဲ့ဝင်ဟောင်းတွေကို ဖျက်သိမ်းပြီး အဖွဲ့ဝင်အသစ်တွေနဲ့ ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီနောက် ၂၀၂၀ အထွေထွေရွေးကောက်ပွဲမဲစာရင်းတွေကို ပြန်လည်စစ်ဆေးခဲ့ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ် (ID) နဲ့ အိမ်ထောင်စုစာရင်းတွေကိုအခြေခံပြီး မဲဆန္ဒရှင်စာရင်းအသစ်ပြုစုခြင်း လုပ်ငန်းတွေကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။ ဒ့ါအပြင် ရွေးကောက်ပွဲဥပဒေများ ပြင်ဆင်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းကာ ပါတီတွေအတွက် သတ်မှတ်စည်းကမ်းချက်တွေကို ချမှတ်ပေးခဲ့ပါတယ်။ ရွေးကောက်ပွဲကျင်းပဖို့အတွက် ဒေသအလိုက် ရွေးကောက်ပွဲကော်မတီငယ်တွေ ဖွဲ့စည်းခြင်းနဲ့ လေ့ကျင့်ပေးခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

**အချိုးကျကိုယ်စားပြုစနစ်ထည့်သွင်းကျင့်သုံး ပါတီတွေနဲ့ သဘောထားချင်းဖလှယ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြန်လည်မှတ်ပုံတင်ထားတဲ့ သို့မဟုတ် အသစ်မှတ်ပုံတင်ထားတဲ့နိုင်ငံရေးပါတီတွေနဲ့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒီတွေ့ဆုံမှုတွေမှာ ရွေးကောက်ပွဲစနစ်၊ လုံခြုံရေးအခြေအနေနဲ့ နိုင်ငံရေးအနာဂတ်တို့နဲ့ ပတ်သက်လို့ ဆွေးနွေးခဲ့ကြပြီး အချိုးကျကိုယ်စားပြုစနစ် (Proportional Representation, PR)ကိုလည်း ထည့်သွင်းကျင့်သုံးဖို့ စဉ်းစားနေမှုနဲ့ပတ်သက်လို့ ပါတီတွေနဲ့ သဘောထားချင်း ဖလှယ်ခဲ့ကြပါတယ်။

အစောပိုင်းက ၂၀၂၃ ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပဖို့စီစဉ်ခဲ့ပေမယ့် နိုင်ငံရဲ့ လက်ရှိလုံခြုံရေးအခြေအနေနဲ့ ပဋိပက္ခတွေကြောင့် အရေးပေါ်အခြေအနေကို ဆက်လက်သက်တမ်းတိုးခဲ့ရပါတယ်။ နိုင်ငံတစ်ဝန်း လုံခြုံရေးအခြေအနေ တည်ငြိမ်မှုရှိတဲ့ဒေသတွေကို ရွေးကောက်ပွဲကျင်းပဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ရွေးကောက်ပွဲကျင်းပမယ့် ကာလကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ် သို့မဟုတ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှာ ကျင်းပမယ်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့ပါတယ်။

## မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော်အကြို အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

မန္တလေးမြို့ မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရား (၁၃၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အကြို အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၆ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ၁၁ ရက် တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ပြီး ယနေ့ အောင်ပွဲအခမ်း အနားကို မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား အာရုံခံတန်ဆောင်းတော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက် ကထိန် တော်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသိရီ ဘိဝံသ အမှူးပြု၍ ပင့်ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များ၊ အလှူရှင်များ၊ ဝတ်အသင်းများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြည်ညိုကြသည်။



**ရေစက်သွန်းချအမျှပေးဝေ**

အခမ်းအနားတွင် အရှေ့ခင်မကန်တိုက် ကထိန် တော်ကျောင်းဆရာတော်အား တိုင်းဒေသကြီးဝန်ကြီး ချုပ်က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး (ဝဲပုံ) ရေစက်ချအနုမောဒနာ တရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အရှေ့ခင်မကန်တိုက် ကထိန် တော်ကျောင်းဆရာတော် အမှူးပြုပြီး ဆရာတော် သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ ဝတ္ထုငွေများ လှူဒါန်းခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စစ်မှုထမ်းဟောင်း မိသားစုဝင်များအတွက် လူသုံး ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ပိုင်းက တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စက်မှုဇုန်ခန်းမ ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည် နယ်ဝန်ကြီးချုပ် ဦးအောင်အောင် က အဖွင့်အမှာစကား ပြောကြား ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က သင်တန်းသူ များထံ သင်တန်းသုံး အထောက် အကူပြုပစ္စည်းများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်း အထောက်အကူ ပစ္စည်းများကို ကြည့်ရှုသည်။ **(ယာပုံ)**

အဆိုပါသင်တန်းကို စက်တင် ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ငါးရက် ကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။

ယင်းနောက် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံ (၁၀-မဂ္ဂါဝပ်) စီမံကိန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူ များ၏ လုပ်ငန်းဆိုင်ရာ တင်ပြ ချက်များအပေါ် ပြည်နယ်ဝန်ကြီး ချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ထိုင်းဘုရင့်လေတပ်မှ Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန်အတွက် လာရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံ လေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန် အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှား မှုများ ဆောင်ရွက်ရန် ထိုင်း ဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ထိုင်းဘုရင့်လေတပ် မှ ATR-72 လေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာ ကြရာ တပ်မတော်(လေ)မှ အရာရှိ ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူး နှင့် တာဝန်ရှိသူများက ကြိုဆို ကြသည်။



အဆိုပါ ကိုယ်စားလှယ်အဖွဲ့ အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် က Jasmine Hotel ၌ လက်ခံတွေ့ဆုံ ကာ နှစ်နိုင်ငံလေတပ်များအကြား ပူးပေါင်း ဆောင်ရွက်မှုများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်း စွာဆွေးနွေးကြသည်။ **(အပေါ်ပုံ)** တွေ့ဆုံပွဲအပြီးတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ထိုင်းဘုရင့်လေတပ် ကဦးစီး၍ ဆောက်လုပ်တည်ထား လျက်ရှိသော Phra Mahathat Naphamethinidon Naphabhumisiri စေတီတွင် ဌာပနာ ထည့်သွင်း ကိုးကွယ်ရန်အတွက် ဘုရား၊ ရဟန္တာ ဓာတ်တော်များနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး ပုံတူဆင်းတုတော်တို့အား ကာကွယ်ရေးဦးစီးချုပ်(လေ)က ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် ထံ ပေးအပ်လှူဒါန်းခဲ့သည်။ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က ဗုဒ္ဓဆင်းတုတော်မြတ် တစ်ဆူ အား ဓမ္မဒါနလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့ကာ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

ထို့နောက် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကာကွယ် ရေးဦးစီးချုပ်(လေ) နှင့် ဇနီး က ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန် အလှန် ပေးအပ်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့ သည် နေ့လယ်ပိုင်းတွင် ရန်ကုန် မြို့သို့ ထွက်ခွာခဲ့ပြီး ဗိုလ် တထောင်ဘုရားအား သွားရောက် ဖူးမြော်ခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

(၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသော အားဖြင့် လေကြောင်းရဲကွပ်ကဲမှု အဖွဲ့ခွဲ (မန္တလေး) မှ ရဲတပ်ဖွဲ့ဝင် များနှင့် ဝန်ထမ်းမိသားစုများ၏ စုပေါင်းသွေး လှူဒါန်းခြင်းကို စက်တင်ဘာ ၁၇ ရက်က တံတား ဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာ ဆေးကုသဆောင်၌ ကျင်းပရာ



လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (မန္တလေး) ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ထွန်းမြတ်ကျော်၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြင့်မောင်နှင့် တာဝန်ရှိသူများက စုပေါင်း သွေးလှူဒါန်းနေကြသူများအား လှည့်လည် ကြည့်ရှုအားပေးစဉ်။

ရဲတင့်(ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး ကျေးရွာရှိ အထက(ဇီးပင်ကြီး) စာသင်ကျောင်း၌ မြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ငါးဦး၊ ရတနာပုံမြို့သစ် နယ်မြေစခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးဘုန်းနွယ် သွေး ဦးဆောင်၍ တပ်ဖွဲ့ဝင်



ငါးဦး၊ သန္တိသုခလူမှုရေးအသင်းမှ သုံးဦးဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူဇာတ်တိုက် လေ့ကျင့်သရုပ်ပြသခြင်း အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ဆောင်ရွက်စဉ်။

ဘုန်းမြတ်

# ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၏ သားငါးကဏ္ဍတိုးတက်ရေး အားပေးမြှင့်တင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနက (၂၀၁၅-၂၀၁၆) ခုနှစ်အတွက် သာယာဝတီမြို့နယ် မြစ်မခမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက မြစ်မခမြစ် ဖိုးခေါင်တံတား (စံရွှေဘက်ခြမ်း) ၌ကျင်းပရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်၍ ငါးမျိုးစိုက်ထည့်ကြသည်။



သဘာဝရေပြင်နှင့် ကန်များတွင် ငါးမျိုးများ ရေရှည် စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတပေါကြွယ်ဝစေရေး၊ ဒေသ၏ ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးတို့ကို ရည်ရွယ်ဆောင်ရွက်သည့် အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းတွင် ငါးမြစ်ချင်း ရှစ်သောင်း၊ ငါးခုံးမ ခုနစ်သောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းငါးသောင်းကို မြစ်မခမြစ် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ T.T Cow Farm ပုဂ္ဂလိက အသားစားနွားမွေးမြူရေးခြံသို့ရောက်ရှိရာ ဘရာမင်၊ အင်ဒိုဘရာဇီး၊ ဒေသနွားနွားသိုးများ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံနွားမွေးတောင်သူများနှင့် တွေ့ဆုံကာ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးလာရေး ဆွေးနွေးသည်။

ထို့နောက် မှော်ဘီမြို့ ချော်ကုန်းကျေးရွာရှိ Crystal Diamon Livestock Co.,Ltd. ၏ Commercial Layer Fram သို့ရောက်ရှိပြီး မွေးမြူရေးခြံအတွင်း ကြက်ငယ် ၄၁၄၀၁ ကောင်၊ ဥကြက်မ ၂၃၈၀၉၂ ကောင် မွေးမြူထားပြီး နေ့စဉ် ကြက်ဥ ၁၈၄၁၇၀ ထုတ်လုပ်၍ ဈေးကွက်သို့ ဖြန့်ဖြူးပေးနေမှု၊ Feed MAS Co.,Ltd. ဥစားကြက် မွေးမြူရေးခြံ၏ ဥစားကြက်ကောင်ရေ ၁၁၃၉၈၈ ကောင် မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး အင်းတကော်ရှိ ဟွမ်းဟွမ်း ကြက်စာအမျိုးမျိုးထုတ်လုပ်ရေးစက်ရုံမှ ကြက်ငယ်၊ ကြက်လတ်နှင့် ကြက်ကြီးအစာများ တစ်လလျှင် တန် ၁၀၀၀ ကျော်ထုတ်လုပ်နေမှုကို လည်းကောင်း၊ ပဲခူးစက်မှုဇုန်ရှိ Myanmar New Hope Farme Co.,Ltd. ကြက်စာအမျိုးမျိုး ထုတ်လုပ်ရေးစက်ရုံမှ တစ်လလျှင် တန် ၄၀၀၀၀ ကျော် ထုတ်လုပ်နေမှုကို လည်းကောင်း၊ SunJin Myanmar Co.,Ltd. ကြက်စာအမျိုးမျိုး ထုတ်လုပ်ရေးစက်ရုံမှ တစ်လလျှင် တန်ချိန် ၁၀ သိန်းကျော် ထုတ်လုပ်နေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း အသုံးပြုခွင့်ရရှိထားသည့် ပဲခူး (၁၀) မိုင်ကုန်းရှိ သန့်ဇင်မြင့်မိုရ်ကုမ္ပဏီ၏ ဧက (၁၀၀) လုပ်ကွက်ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအလိုက် လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*❂ ကျောဖုံးမှ*

နောက်ဆုံးပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပပြီး အသန့်ရှင်းဆုံးအသင်း ဆုရရှိသော Pacific Sun Far အသင်းအား ဆုဖလားနှင့်ဆုကြေးငွေကျပ် သုံးသိန်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသော အောင်ထူးခန့် ( YRG) နှင့် အကောင်းဆုံး ကစားသမား ဆုရရှိသော အောင်ခန့်ဇော် (Winner Soccer) တို့ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်းစီ၊ စတုတ္ထဆုရရှိသော VUC ULAD အသင်းအား ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆုရရှိသော YCDC MHDT အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသော YRG အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၃၀၊ ပထမဆုရရှိသော Winner Soccer အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၅၀ နှင့် ချန်ပီယံဆုဖလားတို့ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် Winner Soccer အသင်းက ပွဲ ၂၀ နိုင်၊ သရေပွဲမရှိ၊ နှစ်ပွဲရှုံး၊ ရမှတ် ၆၀ ဖြင့် ချန်ပီယံဆု၊ YRG အသင်းက ရမှတ် ၅၄ မှတ်ဖြင့် ဒုတိယ၊ YCDC MHDT အသင်းက ရမှတ် ၅၀ ဖြင့် တတိယဆုရရှိပြီး ယင်းသုံးသင်းနောက်တွင် VUC ULAD အသင်းနှင့် JV အသင်းက ၃၆ မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက ၃၂ မှတ်၊ Pacific Sun Far အသင်းက ရမှတ် ၃၀၊ MIU အသင်းနှင့် Royal Noka အသင်း တို့က ၂၈ မှတ်စီ၊ Generations အသင်းက ရမှတ် ၂၀၊ FFU မင်းမဟော်အသင်းက ၁၀ မှတ်ရရှိကာ ရွှေပြည်သာယူနိုက်တက်အသင်းမှာမူ အမှတ်လျော့ပြစ်ဒဏ် ချမှတ်ခံခဲ့ရသလို ရမှတ်လည်း မရရှိသဖြင့် -၆ မှတ်ဖြင့် အောက်ဆုံးရပ်တည်ခဲ့သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ – MFF**

---

## စက်တင်ဘာလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် | |
| ၁ | မြစ်ကြီးနား | ၁၇-၉-၂၀၁၅ | ၁၆.၆ | ၆၁.၉ | ၃-၉-၂၀၁၅ | ၁၇.၂ | ၆၃.၀ | ၅၉ |

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

---

*❑ ကျောဖုံးမှ*

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်တွင် တောင်တွင်းကြီးမြို့နယ် ကံပေးကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၂၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၄၄) ကို သစ်တောဥပဒေအရ လည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် အောင်လံမြို့နယ်၊ မင်းဘူးမြို့နယ်၊ ကံမမြို့နယ်၊ ချောက်မြို့နယ်နှင့် ငဖဲမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ကိုးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ်နှင့် စလင်းမြို့နယ်တို့အတွင်း၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် မော်တော်ဆိုင်ကယ် သုံးစီးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၇၅၀၀) ကို လောင်းကစားဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၇၅၄၄ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်အစီး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း ၄၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၀ မျိုး၊ စားသောက်ကုန်ပစ္စည်း ရှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ်၂၄၅၃၄၅၅၈၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)၊ ကျိုက်ထိုမြို့နယ် သုံးအိမ်စုကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၇၂၆၂၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) နှင့် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၉၀၇၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ ကျိုက်ထိုမြို့နယ် တောင်စွန်းသွားကားလမ်းအနီး၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၈၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၄၆ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၇၇၅၀၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Nissan TT Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀၀၀) နှင့် ကျိုက်ထိုမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး၌ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ဆောင်ခဲ့သည့် Nissan Profia Truck မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၄၇၅၃၈၆၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ ရက်တွင် ပင်လုံ- လွိုင်လင်ကားလမ်း ပန်ဝိုးလမ်းခွဲအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၉၄၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ပို့ကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၉၉၀၀၀) ကို လည်းကောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ဘားအံမြို့ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၄၄၃၅၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၉၄၃၃၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၇ ရက်နှင့် စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၈၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၁၇၃၄၀၇၀) ကို ဖမ်းဆီးရမိခဲ့သည်။

ထိုကဲ့သို့ တရားမဝင် တင်ပို့/တင်သွင်းမှုများကြောင့် တရားဝင် တင်ပို့/တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ (၇၅)နှစ်မြောက် မွေးနေ့ကျင်းပ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်းစကားများ ပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၇**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီသည် ၁၉၅၀ ပြည့်နှစ် စက်တင်ဘာ ၁၇ ရက်က မွေးဖွားခဲ့ပြီး ယနေ့တွင် ၇၅ နှစ်ပြည့်မြောက်သဖြင့် အဆိုပါအိန္ဒိယ



ဝန်ကြီးချုပ်၏ မွေးနေ့ပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အိန္ဒိယနိုင်ငံ Madhya Pradesh ပြည်နယ် Dhar မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ကျရောက်သည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ မွေးနေ့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင်အမေရိကန်ပြည်ထောင်စု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံစသည့်နိုင်ငံများနှင့် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများကလည်း မွေးနေ့ဆုတောင်းစကားများ အသီးသီး ပေးပို့ခဲ့ကြကြောင်း အိန္ဒိယနိုင်ငံ DD News သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။ ❑




## ဗီယက်နမ်ပညာရေးအတွက် ဘတ်ဂျက်အသုံးစရိတ် တိုးမြှင့်မည်

**ဟနွိုင်း စက်တင်ဘာ ၁၇**

ဗီယက်နမ်အစိုးရသည် လူ့စွမ်းအား အရင်းအမြစ်သင်တန်းများတွင် မဟာဗျူဟာမြောက် အောင်မြင်မှုများ ရရှိစေရန်အတွက် အမျိုးသားပညာသင်ဆု ရန်ပုံငွေကိုထူထောင်ပြီး ပညာရေးအတွက် ဘတ်ဂျက်အသုံးစရိတ်ကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဖန်မင်ချင်းက စက်တင်ဘာ ၁၆ ရက်က ပြောကြားလိုက်သည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုမှ ဆုံးဖြတ်ချက်လေးရပ်ဖြန့်ကြက် အကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသား ညီလာခံတွင် ဝန်ကြီးချုပ်က ထိုသို့မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ညီလာခံသို့ ပါတီအဖွဲ့ဝင် ၁ ဒသမ ၂ သန်းကျော် တက်ရောက်ခဲ့ကြောင်း ဒေသမီဒီယာဖြစ်သည့် ဗီအင်န်အိတ်စ်ပရက်စ်တွင် ဖော်ပြခဲ့သည်။

ဆင်ဟွာ

## မိုက်ခရိုဆော့ဖ်၏ ရင်းနှီးမြှုပ်နှံမှု ဗြိတိန်ကို ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှု၏ ရှေ့တန်းသို့ ရောက်ရှိစေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပြောကြား

**ဆန်ဖရန်စစ္စကို စက်တင်ဘာ ၁၇**

၂၀၂၅ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း ဗြိတိန်တွင် အေအိုင်အဆောက်အအုံနှင့် လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မိုက်ခရိုဆော့ဖ်က စက်တင်ဘာ ၁၆ ရက်တွင် ကြေညာလိုက်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် ဗြိတိန်တွင် ပြုလုပ်မည့် မိုက်ခရိုဆော့ဖ်၏ အကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း ကုမ္ပဏီကပြောသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ဗြိတိန်နိုင်ငံ၏ ကလောက်နည်းပညာနှင့် အေအိုင်အခြေခံအဆောက်အအုံကို တိုးချဲ့ရန်အတွက် ငွေလုံးငွေရင်းအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ပါဝင်သည်။

ကျန်ရင်းနှီးမြှုပ်နှံမှုတစ်ဝက်ကို အဆင့်မြင့်သုတေသန၊ အေအိုင်မော်ဒယ်နှင့် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ဂိမ်းသစ်တီထွင်ဖန်တီးခြင်း၊ ဒေတာစင်တာလည်ပတ်မှု၊ ဗြိတိန်နိုင်ငံတစ်ဝန်း ကုန်ပစ္စည်းအရောင်းနှင့် ထောက်ပံ့ပေးမှုတို့အပါအဝင် ရှေ့ဆက်လုပ်သွားမည့် လုပ်ငန်းလည်ပတ်မှုများအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း မိုက်ခရိုဆော့ဖ်ကုမ္ပဏီက ပြောသည်။

မိုက်ခရိုဆော့ဖ်၏ အထင်ကရ ရင်းနှီးမြှုပ်နှံမှုသည် အေအိုင်နှင့် ခေတ်မီနည်းပညာများတွင် ဗြိတိန်၏ ဦးဆောင်မှုအပေါ် အပြည့်အဝထောက်ခံခြင်းဖြစ်သည်။

ယခုကဲ့သို့ မိုက်ခရိုဆော့ဖ်၏ရင်းနှီးမြှုပ်နှံမှု ကတိကဝတ်သည် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံကို အားကောင်းစေပြီး မြင့်မားသော ကျွမ်းကျင်အလုပ်ထောင်ပေါင်းများစွာကို ပံ့ပိုးပေးရုံသာမက ဗြိတိန်ကို ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှု၏ ရှေ့တန်းသို့ ရောက်ရှိစေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီယာစတားမာက ပြောကြားလိုက်သည်။ **ဆင်ဟွာ**

## အပူချိန်မြင့်မားလာမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျန်းမာရေးနှင့်စီးပွားရေးဆိုင်ရာ အန္တရာယ်များ ကြုံတွေ့ရဟု ကမ္ဘာ့ဘဏ်ပြောကြား

**ဒါကာ စက်တင်ဘာ ၁၇**

ကမ္ဘာ့ဘဏ်၏ စက်တင်ဘာ ၁၆ ရက်က ထုတ်ပြန်လိုက်သည့်အစီရင် ခံစာအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အပူချိန်မြင့်မားလာမှုကြောင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရပြီး ထုတ်လုပ်မှုစွမ်းရည်ကျဆင်းကာ စီးပွားရေးအရ ဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း ဖော်ပြခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးနှင့် ကျန်းမာရေးအပေါ် အပူဒဏ်၏ သက်ရောက်မှုခေါင်းစဉ်အမည်ရှိ အစီရင်ခံစာသည် ၁၉၇၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အပူချိန်နှင့်စိုထိုင်းဆအချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း လူဦးရေ ၁၆၀၀၀ ကျော်ပါဝင်သည့် အိမ်ထောင်စုစစ်တမ်းအပေါ် အခြေခံထားသည်။

၁၉၈၀ ပြည့်နှစ်ကတည်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အမြင့်ဆုံးအပူချိန်သည် ၁ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်ရှိခဲ့ပြီး အမှန်တကယ် သိသိသာသာ ခံစားရသော ပြင်ပအပူချိန်မှာ ၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်လာသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းအခြေအနေကြောင့် ဝမ်းလျှောရောဂါ၊ နာတာရှည်ချောင်းဆိုးခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် မောပန်းနွမ်းနယ်မှုကဲ့သို့ ကျန်းမာရေးပြဿနာများ တိုးလာခဲ့သည်။

ထို့ပြင် အပူလှိုင်းများကြောင့် စိတ်ကျရောဂါနှင့် စိုးရိမ်ပူပန်မှု အပါအဝင် စိတ်ကျန်းမာရေးဆိုင်ရာပြဿနာများလည်း ဖြစ်စေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ




## အမေရိကန်သမ္မတ ဗြိတိန်သို့ ဒုတိယအကြိမ်မြောက် ချစ်ကြည်ရေးခရီးရောက်ရှိ

**လန်ဒန် စက်တင်ဘာ ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ စတန်းစတက်လေဆိပ်သို့ စက်တင်ဘာ ၁၆ ရက် နှောင်းပိုင်းက ရောက်ရှိခဲ့သည်။ နိုင်ငံတော်ဧည့်သည်အဖြစ် ဗြိတိန်သို့ ဒုတိယအကြိမ်မြောက် လာရောက်ခြင်းလည်းဖြစ်သည်။

လေဆိပ်တွင် အမေရိကန်သမ္မတထရမ့်နှင့် သမ္မတကတော် မယ်လာနီယာတို့ကို ချားလ်ဘုရင်၏ ကိုယ်စားလှယ်တစ်ဦးက ကြိုဆိုခဲ့သည်။

ချားလ်ဘုရင်နှင့် ယခင်ကတည်းက မိတ်ဆွေများဖြစ်ကြပြီး ဗြိတိန်သို့ဒုတိယအကြိမ်ဖိတ်ကြားခြင်း ခံရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ကြောင်း ထရမ့်ကပြောသည်။

ချားလ်ဘုရင်နှင့် မိဖုရား ကင်မီလာတို့သည် စက်တင်ဘာ ၁၇ ရက်တွင် ဝင်ဆာရဲတိုက်၌ အမေရိကန်သမ္မတထရမ့်တို့ ဇနီးမောင်နှံကို ကြိုဆိုခဲ့သည်။

စက်တင်ဘာ ၁၈ ရက်တွင် ဗြိတိန်ဝန်ကြီးချုပ် ကီရာစတာမားနှင့် အမေရိကန်သမ္မတ ထရမ့်တို့တွေ့ဆုံကြမည်ဖြစ်သည်။

ဉာဏ်ရည်တု (အေအိုင်)၊ တစ်ပိုင်းလျှပ်ကူး ပစ္စည်းနှင့် ကွမ်တမ်ကွန်ပျူတာ အပါအဝင် အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရန် အမေရိကန်နှင့် ဗြိတိန်တို့ လက်မှတ်ရေးထိုးဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်မော်တော်ကားများ တင်သွင်းမှုအပေါ် အမေရိကန် အခွန် ၁၅ ရာခိုင်နှုန်း စည်းကြပ်

**တိုကျို စက်တင်ဘာ ၁၇**

အမေရိကန်သည် နှစ်နိုင်ငံသဘောတူညီချက်အရ ဂျပန်မှတင်သွင်းသည့်မော်တော်ကားများနှင့် ကားအစိတ်အပိုင်းများအပေါ် ၁၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုကို စက်တင်ဘာ ၁၆ ရက် ဂျပန်စံတော်ချိန် မွန်းလွဲ ၁ နာရီနောက်ပိုင်းတွင် စတင်လိုက်ကြောင်း သိရသည်။

အဆိုပါ၁၅ရာခိုင်နှုန်း အခွန်စည်းကြပ်ကောက်ခံမှုသည် ပြီးခဲ့သည့်ဧပြီလအတွင်းက အမေရိကန်သမ္မတထရမ့်အစိုးရချမှတ်ခဲ့သည့် ဂျပန်မော်တော်ယာဉ်များအတွက် အခွန်စည်းကြပ်မှု ၂၅ ရာခိုင်နှုန်းနေရာတွင် အစားထိုးခဲ့ခြင်းဖြစ်သည်။

လက်ရှိစည်းမျဉ်းသစ်သည် လုပ်ငန်းအကျိုးအမြတ်ကို ထိခိုက်လာစေနိုင်သည်ဟု ဂျပန်ကားထုတ်လုပ်ရေးလုပ်ငန်းများစွာက သတိပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ပထမတောင်ကျောင်းကြီးကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ရပ်ကွက် ပထမတောင်ကျောင်းကြီးကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၀၄ ပါး၊ ဒေသခံတိုင်းရင်းသားပြည်သူ ၂၂ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။(ဓာတ်ပုံ)

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်အား သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကြို့ပင်ကောက်မြို့၌ အောင်နိုင်တိုး မိုးစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၃၅ တင်းထွက်ရှိ

**ကြို့ပင်ကောက် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ အောင်နိုင်တိုးမိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောင်ပင်သာကျေးရွာအုပ်စု ကွဲ့ဘိကျေးရွာမှ တောင်သူဦးထွန်းထွန်းမြင့်၏ အောင်နိုင်တိုးစပါးစိုက်ခင်း ငါးဧကတွင် ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



အဆိုပါ အောင်နိုင်တိုးစပါးမျိုးအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အကူအညီဖြင့် ဝယ်ယူစိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ ပေါင်းစပ်ထည့်သွင်းစိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် စပါးအစို ၁၃၅ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ်က မော်ဘီ-၃ စပါးမျိုးစိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ၉၅ တင်း ထွက်ရှိကြောင်း၊ ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ချက်များဖြင့် စိုက်ပျိုးခဲ့သောကြောင့် အထွက်နှုန်းတိုးတက်ရရှိခဲ့ကြောင်း တောင်သူ ဦးထွန်းထွန်းမြင့်ထံမှ သိရသည်။

အောင်နိုင်တိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျနှင့် မြို့နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်လတ် ဦးဆောင်၍ ဝက်ထီးကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ခင်မောင်ဝင်း ဦးစီးသောတပ်ဖွဲ့ဝင်များက ဝက်ထီးကန်အုပ်စု ရွာမရပ်ကွက်ရှိ ဈေးကုန်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)

## အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် အာဟာရစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**တပ်ကုန်း စက်တင်ဘာ ၁၇**

တပ်ကုန်းမြို့နယ်၌ အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် အာဟာရစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မြဝတီရပ်ကွက် မြို့ဦးပရိယတ္တိစာသင်တိုက်၊ မြို့ဦးဘုရားတိုက်ကြီးတွင် ကျင်းပခဲ့သည်။(ယာပုံ)



ဦးစွာ တပ်ကုန်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်က အာဟာရချို့တဲ့ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်သော စောင့်ရှောက်မှုပေးခြင်း၊ အဏုအာဟာရမှုန့်ထုပ်များပေးဝေခြင်း၊ အင်အားပြည့်ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒေါက်တာခိုင်နွယ်တင်၊ ဒေါက်တာခိုင်ခိုင်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှိုင်လှိုင်ဌေးနှင့် ကျန်းမာရေးဝန်ထမ်းများက မြဝတီရပ်ကွက် အပါအဝင် ညောင်လွန့်၊ အင်ပင်၊ ရွှေမြို့၊ ကံလှ၊ ဆည်ထိပ်၊ ထန်းတောကြီး၊ အလယ်ကျွန်း၊ တောင်ပို့သာ၊ ချင်းစု၊ မျက်ရဲ၊ လက်ပံအိုင့်ကျေးရွာများမှ အသက် ငါးနှစ်အောက် ကလေးငယ်များအား စာရင်းရေးသွင်းခြင်း၊ ပေါင်ချိန်ခြင်း၊ ခန္ဓာကိုယ်ကြီးထွားနှုန်း တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများနှင့် အာဟာရပြည့်စုံသောမုန့်များ ပေးအပ်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင်**



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း(ဒေဝီ)၌ စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက်က ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောမောင်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး လက်တွေ့သရုပ်ပြသစဉ်။ နောင်နောင် (ဗိဿနိုးမြေ)

## ကျောက်ဆည်၌ ဝါတစ်ဧက ပိဿာ ၇၀၀ ထွက်ရှိရေး နည်းပြသင်တန်းပေး

**ကျောက်ဆည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ဝါသီးနှံ ပန်းတိုင်အထွက်နှုန်း တစ်ဧကလျှင် ပိဿာ ၇၀၀ ထွက်ရှိရေး နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပသည်။(ယာပုံ)



သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဒေါ်ခင်ငြိမ်းထွေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ ခရိုင်အတွင်း ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို ဆွေးနွေးပြီး ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ လွန်ကျော်ခြံတာဝန်ခံ ဒေါက်တာအေးအေးမြတ်က ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးနည်းလမ်းများကို ပို့ချသည်။ ဝါဂွမ်းချည်အရည်အသွေးစမ်းသပ်ခန်းမှ တာဝန်ခံ ဒေါ်အေးမို့မို့ခင်က ချည်မျှင်အရည်အသွေးဆိုင်ရာနည်းလမ်းများ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်မို့မို့စိုးက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာများ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်သီတာစိန်က မျိုးကောင်း/ မျိုးသန့်သုံးစွဲခြင်းဆိုင်ရာနည်းပညာများနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီဌေးက ဝါသီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများအကြောင်းကို သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းကို မြို့နယ် လေးမြို့နယ်မှ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



## မြို့သစ်မြို့နယ်၌ မိုးနှောင်းဝါစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

**မြို့သစ် စက်တင်ဘာ ၁၇**

မြို့သစ်မြို့နယ် ယင်းနားကုန်း စိုက်/ထွေ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် အောင်စည်တော် စိုက်/ထွေ သမဝါယမအသင်းသားတောင်သူများ၏ မိုးနှောင်းဝါစိုက်ပျိုးထားရှိမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

မြို့သစ်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုးစပါး ဧက ၂၄၀၀ နှင့် မိုးနှောင်းဝါ ဧက ၃၅၀၀ တို့အား သမဝါယမကဏ္ဍမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**

## တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာနခွဲ ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

**တောင်ငူ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ တောင်ငူခရိုင် အသေးစား စက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ တောင်ငူခရိုင် လူထု အခြေပြုဗဟိုဌာနခန်းမ၌ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ဒစ်ဂျစ်တယ် အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဒေါ်မျိုးမြတ်မြတ်သင်းက အမှာစကား ပြောကြားပြီး ကျွမ်းကျင်သူနည်းပြများက ဒစ်ဂျစ်တယ်နည်းပညာ၊ သိမြင်နားလည် တတ်မြောက်ခြင်းနှင့် မိမိလုပ်ငန်းများ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်နည်းပညာ၊ Digital Tools များအကြောင်း၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းနှင့် နည်းပညာ ပြောင်းလဲမှုများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ MSMEs လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်



အသွင်ကူးပြောင်းခြင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ အွန်လိုင်းစနစ်ဖြင့် ရောင်းချရာတွင် မှတ်ပုံတင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဌာနမှ Micro လုပ်ငန်းများအတွက် Online Registration ဆိုင်ရာ နည်းလမ်းများကို တောင်ငူခရိုင်အတွင်းရှိ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၂၀ အား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသင်ကြားပေးခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

## အောင်လံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**အောင်လံ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်က အောင်လံမြို့ အထက(ရွာထောင်) ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးသိန်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အမြဲမပြတ် လေ့လာသင်ယူရေးစကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပညာရေး အငြိမ်းစားဆရာကြီး ဦးတင်ဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား ဟောပြောဆွေးနွေးပြီး အထက (ရွာထောင်) ကျောင်းမှ ကျောင်းသား ကျောင်းသူများက မစန္ဒာ၏ "အရိပ်" စာအုပ်ပါ အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့သည်။

**အာကာ(ပြန်/ဆက်)**

## ကျေးသီးမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**ကျေးသီး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ အသက် ၈၅ နှစ်နှင့်





အထက် သက်ကြီးဘိုးဘွား ၁၃၀ အား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၁၅ ရက်မှစတင်၍ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်း၍ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးသီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၅ အုပ်စုတို့မှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၃၀ အတွက် တစ်ဦးကို တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လစာ ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် လူမှုရေးပင်စင် ငွေပေါင်း ခုနစ်ဆယ့်ခုနစ်သိန်း တစ်သောင်းကျပ်တိတိအား မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် ထောက်ပံ့ငွေများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်းငင်း(ပြန်/ဆက်)**

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**ဆိပ်ကြီးခနောင်တို စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ဦးက လူကုန်ကူးမှု ဖြစ်ပွားရခြင်းအကြောင်းရင်း၊ လူကုန်ကူးမှု ပြစ်မှုပြစ်ဒဏ်များ အကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြသထားသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်များအား ကျောင်းသားများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာသည်။

**ဝေယံ (ပြန်/ဆက်)**



## ချောက်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**ချောက် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အထက(၂) ကျောင်း၌ ကျင်းပသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က အမှာစကား ပြောကြားသည်။

**အသိပညာပေး**

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းနွမ်ခမ်းခေါင်က လူကုန်ကူးမှုအန္တရာယ် အကြောင်း သိကောင်းစရာများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက စာဖတ်ရခြင်း အကြောင်းနှင့် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြဖောင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။

ဟောပြောပွဲ အပြီးတွင် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးလက်ကမ်း စာစောင်နှင့် သဘာဝဘေးအသိပညာပေး လက်ကမ်း စာစောင်များအား ဖြန့်ဝေပေးခဲ့ကာ အဆိုပါအသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူစုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့ပေါ် ရှိ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၇**

မြစ်ကြီးနားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မြို့ပေါ်ရပ်ကွက်ကျေးရွာများရှိ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အခြေခံပညာ အထက်တန်းကျောင်း(ဇီးလွန်)ရှိ တော်ဝင်သစ္စာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းလင်းထူးက အီလက်ထရောနစ် မဲပေးစက်၏ အားသာချက်များကို အသိ



ပညာပေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ရပ်ကွက်ကျေးရွာများမှ မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ် မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ကျွန်းပင်သာ၊ အေးစေတီ၊ ရွှေညောင်ပင်၊ လယ်ကုန်း၊ အောင်နန်းရပ်ကွက်တို့မှ မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း သရုပ်ပြ

**မြစ်သား စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လွယ်ကူစွာ ဆန္ဒမဲပေးတတ်စေရန်ရည်ရွယ်၍ မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြသခြင်းကို စက်တင်ဘာ ၁၆ ရက်က ရွာခိုင်ကြီး အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ယဉ်မွန်ဖိုး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းပုံကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ရွာခိုင်ကြီးကျေးရွာမှ ပြည်သူများနှင့် ရွာခိုင်ကြီးအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား လက်တွေ့စမ်းသပ်မဲပေးခြင်း သရုပ်ပြသခဲ့သည်။

**ဝါဝါမြင့် (မြစ်သား)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ပန်းဘဲတန်းမြို့နယ်၌ လူငယ်နှင့် အီးစီးကရက်အန္တရာယ်အကြောင်း အသိပညာပေး Talk Show ပြုလုပ်

**လမ်းမတော် စက်တင်ဘာ ၁၇**

ပန်းဘဲတန်းမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ စက်တင်ဘာ ၁၆ ရက်က လူငယ်နှင့်အီးစီးကရက်အန္တရာယ် အသိပညာပေး Talk Show ပြုလုပ်သည်။

ထိုသို့အသိပညာပေး Talk Show ပြုလုပ်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိအိမြတ်က Talk Show ပြုလုပ်ရသည့် ရည်ရွယ်ချက်ကိုပြောကြားပြီး စာရေးဆရာမ မေဧပရယ်မိုးက အီးစီးကရက်၏ ဆိုးကျိုးအန္တရာယ်များ၊ အီးစီးကရက်တွင် ပါဝင်သည့် ပစ္စည်းများမှာ မူးယစ်ထုံထိုင်းစေသည့်အတွက် မူးယစ်ဆေးဝါးစွဲလမ်းစေသည့် အခြေအနေသို့ ရောက်ရှိစေမည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး စက်တင်ဘာ ၁၇**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပွဲ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်များ စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းများစနစ်တကျ ဆောင်ရွက်ရေး၊ သဘာဝမြေဆွေးမြေသြဇာများ ပြုလုပ်အသုံးပြုရေး၊ ကျောင်းသား ကျောင်းသူများ အပြည့်အဝတန်းစဉ်ကူးပြောင်း ပညာသင်ကြားနိုင်စေရေး၊ ကူးစက်ရောဂါများ ကာကွယ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသည့်ပြည်သူတိုင်း မဲပေးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ တင်ပြသည့် အခက်အခဲများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ပန်းတင်ကျေးရွာအနီးရှိ ဦးရဲမြင့်ထွန်း၏ သရက်ခြံနှင့် ဦးဇေယျာစိုး၏ သရက်ခြံတို့တွင် မြေနိမ့်ကော်ဖီပင်များ စိုက်ပျိုးထားရှိမှုကိုကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် အားကစား သင်ကြားမှု၊ လေ့ကျင့်ရန်၊ ပြိုင်ပွဲများ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်သင့်သည်များကို ပြင်ဆင်ဆောင်ရွက်ရန်နှင့် အားကစားကွင်း ပတ်လည်တွင် အရိပ်ရလေကာပင်များစိုက်ပျိုးရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဖျာပုံမြို့နယ်၌ အမှိုက်ခွဲခြားစွန့်ပစ်ရေး အသိပညာပေး

**ဖျာပုံ စက်တင်ဘာ ၁၇**

ဖျာပုံမြို့နယ်၌ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ အမှိုက်စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက်က ဖျာပုံမြို့နယ်အတွင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဦး၊ ဦးစီးအရာရှိ ဒေါ်သက်သက်ကြူနှင့်ဝန်ထမ်းများက ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများ၊ ဈေးများတွင် ကျောင်းသား ကျောင်းသူများ၊ ပြည်သူပူးပေါင်းပါဝင်သော အမှိုက်သိမ်းစနစ်ဖြစ်ပေါ်လာစေရေးနှင့် အမှိုက်စို၊အမှိုက်ခြောက် ခွဲခြားစွန့်ပစ်နိုင်စေရန်၊ အမှိုက်ခြောက်၊ အမှိုက်စို၊ ဘေးအန္တရာယ်ရှိအမှိုက်၊ ပလတ်စတစ်အမှိုက်များ ခွဲခြားစွန့်ပစ်စေရေး အသိပညာပေး ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေဘိုမြို့၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

**ရွှေဘို စက်တင်ဘာ ၁၇**



စစ်ကိုင်းတိုင်းဒေသကြီး ကလေး အလုပ်သမား ပပျောက်ရေး ကော်မတီ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အသေးစား စက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံ စက်ချုပ် သင်တန်းအမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲကို ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ စက်ကိုင်တွယ်အသုံးပြုနည်းများ၊ စက်နင်းလေ့ကျင့်ခြင်းနှင့် အခြေခံချုပ်ရိုးများချုပ်ခြင်း၊ အမျိုးသမီးဝတ်ရင်စေ့အင်္ကျီ၊ နောက်ကွဲခါးတင်အင်္ကျီ၊ အမျိုးသမီးဝတ်ရင်ဖုံးအင်္ကျီ၊ ကလေးဝတ်ဂါဝန်၊ အမျိုးသားဝတ်သဘော်သားအင်္ကျီနှင့် ကလေးဝတ် ဘောင်းဘီများ စသည့်ဘာသာရပ် ၁၆ မျိုးကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်တံတားမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အခမ်းအနားကျင်းပ

**ကျောက်တံတား စက်တင်ဘာ ၁၇**

ကျောက်တံတားမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (ကျောက်တံတား) စကားဝါခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးထွေးဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ရွှေက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားများ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ စာရေးဆရာမ ညွှန့်ညွှန့်(ကလော)က စာဖတ်ကြပါခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး အခြေခံပညာအလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကိုကျင်းပရာ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာအောင်မြေမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စည်သူကျော်နှင့်အဖွဲ့ စက်တင်ဘာ ၁၃ရက်က အဝေယာရာမကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ **သတင်းစဉ်**



ဆင်ပေါင်ဝဲမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၆ ရက်က မြို့ပေါ်ရပ်ကွက်ရှိနေအိမ်များတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးစဉ်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# မြင်းခြံမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းဆိုင်ရာအသိပညာပေး

**မြင်းခြံ စက်တင်ဘာ ၁၇**

မြင်းခြံမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက မဲဆန္ဒရှင်ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်စုလှိုင်ထွန်းက မြန်မာအီလက်ထရောနစ် မဲပေးစက်တပ်ဆင်အသုံးပြုပုံများကို လက်တွေ့ရှင်းလင်းပြသရာ တက်ရောက်လာသော ခရိုင်အဆင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်း ကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။



**ကျော်စွာ(မြင်းခြံ)**



## ထားဝယ်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၇**

ထားဝယ်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်က ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူလေးဦးက လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်မျိုးချစ်စိတ် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

**ငွေဇင်ယော်(ထားဝယ်)**

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## တောင်ဥက္ကလာပမြို့နယ်၌ အသက်ငါးနှစ်မှ ခုနစ်နှစ်ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (OraVacs) တတိယအကြိမ် တိုက်ကျွေး



**တောင်ဥက္ကလာပ စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ အသက်ငါးနှစ်မှ ခုနစ်နှစ်အတွင်း ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (OraVacs) ကာကွယ်ဆေး တတိယအကြိမ် တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ကေသရာဇာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်သူ့ကျန်းမာရေးဆရာမကြီး ဒေါ်စန်းစန်းညိုနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက်ငါးနှစ်မှ ခုနစ်နှစ်အတွင်း ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ကာကွယ်ဆေးမသောက်မီ အစားအစာကို နှစ်နာရီ ကြိုတင်စားသောက်ထားရှိရန်၊ ကာကွယ်ဆေးသောက်ပြီးချိန် မိနစ် ၃၀ ခန့် စောင့်ဆိုင်းစေခြင်း၊ တစ်နာရီကျော်လွန်မှ အစားအသောက်စားစေခြင်းနှင့် ကာကွယ်ဆေးတိုက်ပြီး နှစ်ရက်အတွင်း အချဉ်၊ အစပ်၊ အဆီ၊ အစိမ့်နှင့် အေးခဲထားသော အစားအသောက်များ၊ အသားစိမ်းများအား မစားမိစေရန် ကလေးမိဘများနှင့် တာဝန်ရှိ ဆရာ ဆရာမများကို မှာကြားပေးသည်။

အဆိုပါ ကာကွယ်ဆေး တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်မည်ဖြစ်ပြီး ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၁၇ ရက်အတွင်း ကလေးငယ်များအား သုံးကြိမ် တိုက်ကျွေးမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြားသော ကျောင်းများတွင်လည်း ဆက်လက်တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

**သက်မင်းဟန်(ပြန်/ဆက်)**

## မြို့နယ်များ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ပြည်သူများ လက်တွေ့စမ်းသပ်မဲပေးမှုများဆောင်ရွက်

**ကျောက်ဖြူ**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြခြင်းကို ယနေ့နံနက် ၉ နာရီက အစိုးရ ရပ်ကွက်ရှိ ရမ္မာဝတီခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ခရိုင်ရွေးကောက်ပွဲအရာရှိနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးငွေအောင်နိုင်က မဲပေးစက်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများနှင့် တက်ရောက်လာသည့် ဒေသခံပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

**တင်ထွန်းဦး(ပြန်/ဆက်)**



**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်ကြီးကြပ်ရေးအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကို ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ကွင်းဆင်းဆောင်ရွက်ရာ စက်တင်ဘာ ၁၇ ရက်က မြင်းကပါကျေးရွာသို့ သရုပ်ပြမဲပေးစက်ဖြင့် မဲပေးခြင်းကွင်းဆင်းဆောင်ရွက်သည်။ **ဒီပါလင်း**

## မောက်မယ်မြို့နယ်၌ မိုးစပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူအသိပညာပေးဟောပြော

**မောက်မယ် စက်တင်ဘာ ၁၇**

ဒေသခံတောင်သူများ၏ လယ်မြေများတွင် သီးနှံအထွက်တိုးစေရန်နှင့် စိုက်ပျိုးမှုအတွက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး သိပ္ပံနည်းကျစိုက်နည်းစနစ် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု နောင်ခမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။



**ရှင်းလင်းဟောပြော**

အသိပညာပေး ဟောပြောပွဲ

ထိုသို့ပြောကြားရာတွင် ဒေသခံတောင်သူများအား လယ်မြေများတွင် သီးနှံအထွက်တိုးစေရန်နှင့် စိုက်ပျိုးမှုအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစွမ်းရည်ထူးနှင့် ဝန်ထမ်းများက မိုးစပါးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေး လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## မိုးနဲမြို့နယ်၌ ဆောင်းနေကြာများ စတင်စိုက်ပျိုး

**မိုးနဲ စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ခင်းများ စတင်စိုက်ပျိုးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီက မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာရှိ တောင်သူ ဦးအားဆာ၏ ယာမြေ၌ စိုက်ပျိုးသည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးနှင့် ဝန်ထမ်းများ၊ တောင်သူ ဦးအားဆာနှင့် အဖွဲ့ဝင်များက အဆိုပါ ယာမြေနှစ်ဧကတွင် ဆောင်းနေကြာမျိုးဖြစ်သော (ဆင်းရွှေကြာ-၂)မျိုးအား မျိုးစေ့ထုတ်လုပ်ရန် နှစ်ဧကကို ပူးပေါင်းစိုက်ပျိုးပေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများလိုအပ်သော စက်မှုဆိုင်ရာပစ္စည်းများ၊ မျိုးစေ့များ၊ လိုအပ်သော သွင်းအားစုများနှင့် နည်းပညာပေးခြင်းလုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မော်ဘီခရိုင်အတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များအား ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၄ အစီအစဉ်ဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများအား ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာ၊ ဗဟုသုတများ တိုးပွားလာစေရန် မော်ဘီခရိုင်အတွင်းရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းရှင် ၂၀ အား ဒစ်ဂျစ်တယ် အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာများကို ယမန်နေ့က မော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် သင်တန်းဖွင့်လှစ်သင်ကြားပေးသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးဝင်းက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးရဲဇော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဆိုင်ရာ အသိပညာများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ရေးဆွဲထားသော SSID Online Registration Website ဝင်ရောက်နည်း၊ အသုံးပြုနည်းနှင့် ထုတ်ကုန်ပစ္စည်းများကို အွန်လိုင်းစနစ်ဖြင့် ရောင်းချရာတွင် မှတ်ပုံတင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



## သဲကုန်းမြို့နယ်၌ ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**သဲကုန်း စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ ကလေးသူငယ်များ ဉာဏ်ရည်၊ ဉာဏ်သွေး ထက်မြက်လာစေရန်၊ လူအများရှေ့တွင် ရဲရင့်စွာပြောဆိုတတ်စေရန်၊ စည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မြို့နယ်လူမှုဝန်ထမ်း ဦးစီးဌာန မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေဇင်ထွန်းက ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် မူလတန်းကြိုကျောင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဆုရရှိသော သားငယ်၊ သမီးငယ်လေးများအား မူလတန်းကြိုကျောင်းကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက အမှတ်တရ ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြော

**ပေါက်ခေါင်း စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများကို အမက(ကြိုးကြာ)ကျောင်း၌ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ရာ ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ကျောင်းသား လူငယ်များအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများအား ရုပ်ပုံစာအုပ်များဖြင့်ပုံပြောခြင်းနှင့် အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင် (ပြန်/ဆက်)**

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ပဲခူးတိုင်းဒေသကြီးကထုတ်လုပ်သော MSMEs လယ်ယာသုံး စက်ကိရိယာပစ္စည်းများ၊ ထုတ်ကုန်အရောင်းပြပွဲ/ပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော် ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ခြင်း**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ တိုင်းဒေသကြီးအတွင်းထုတ်လုပ်သည့် MSMEs လယ်ယာသုံး စက်ကိရိယာပစ္စည်းများ၊ ထုတ်ကုန်အရောင်း ပြပွဲ/ပြိုင်ပွဲ၊ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့က စတင်ပြီး အောက်တိုဘာလ (၁၀) ရက်နေ့အထိ ပဲခူးမြို့၊ ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ရှေ့ ယာဉ်ရပ်နားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း အရောင်းဆိုင်ခန်းများအပြင် သီတင်းကျွတ်လပြည့်နေ့တွင် ပွဲတော်လာဧည့်ပရိသတ် (၁၅,၀၀၀) အား စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ထင်ရှားကျော်ကြားသည့် အနုပညာရှင်များ၏ စင်တင်ဖျော်ဖြေမှုများ၊ ဇာတ်သဘင်ဖျော်ဖြေမှုများ၊ ပဲခူးမြစ်အတွင်း မီးမျှောပွဲနှင့် ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီများတွင် ဆီမီး (၁၀,၀၀၀)ထွန်းညှိခြင်း၊ မြို့တွင်းလမ်းတစ်လျှောက်နှင့် အများပြည်သူဆိုင်ရာ ပန်းခြံများတွင် မီးအလှဆင်အရုပ်များနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲပြသထားခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ပဲခူးမြို့သူ/မြို့သားများနှင့် မိဘပြည်သူများအနေဖြင့် မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာလာရောက် ပါဝင်ဆင်နွှဲနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

ပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီ




















## အမည်မှန်

ပျဉ်းမနားမြို့နယ်၊ D – သာလွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade–12 မှ မချစ်စုဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၉/ပမန(နိုင်)၀၄၀၁၀၄ ဖြစ်ပါကြောင်း။

**ဦးဝင်းဗိုလ်**

## အမည်မှန်

ပျဉ်းမနားမြို့နယ်၊ D – သာလွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade–12 မှ မဇင်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသီ ၉/ပမန (နိုင်)၃၀၄၄၂၄ ဖြစ်ပါကြောင်း။

**ဦးသီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ကေရှိ ဒေါ်မြင့်မြင့်ဦး ၁၂/ရကန(နိုင်)၀၁၀၄၆၃(ဘ) ဦးဆင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ–၃၁၄၆၁) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၀/၂၀၁၅ (၁၃–၂–၂၀၁၅) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စန်းငွေမော် ၉/နထက(နိုင်၁၃၂၅၆၅ (ဘ)ဦးကုလားမှ ဦးမျိုးမင်း ၉/မထလ(နိုင်)၀၀၉၄၃၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရှာမ)ရပ်ကွက်၊ (၁၅၂)လမ်း၊ အမှတ်(၈)ဟုခေါ်တွင်သော (၁) ခန်းတည်း (၈)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း(၂၅ ပေ x ၅၀ ပေ)ရှိ ဓာတ်လှေကားပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်လိပ်စာပါတိုက်ခန်းကို ကန်ထရိုက်တာနှင့်မြေပိုင်ရှင်တို့ အခန်းပေးအခန်းယူစာချုပ်အရ မြေပိုင်ရှင်အနေဖြင့် အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုလာသူ ဒေါ်ရှုလွမ် (ခ)ဒေါ်မြင့်မြင့် ၁၂/တမန(နိုင်)၀၈၈၃၀၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်လင်းထိုက် ၁၀/လမန(နိုင်)၀၁၈၈၀၇ နှင့် ဒေါ်စန္ဒာမွန် ၁၀/လမန(နိုင်)၀၁၂၉၁၁ တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း– ၀၉–၅၁၁၅၉၉၀၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ သိန်းတရာလမ်း၊ မြေကွက်အမှတ်(၂၄၄၈)၊ မြေအမျိုးအစား–မြေချပါမစ်၊ မြေအကျယ်အဝန်း(၄၀ ပေx၆၀ ပေ)ရှိ မြေကွက်သည် ဒေါ်နွဲ့ရီ ၁၂/သဃက(နိုင်)၀၉၉၉၈၇ အမည်ပေါက်ပြီး ၎င်းထံမှ အထက်ပါမြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော မြေ အလျားxအနံ(၂၀ ပေ x၆၀ ပေ)ရှိ မြေကွက်အား အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် မူလပိုင်ရှင်ထံမှ ဦးထွန်းနေနှင့်ဇနီး ဒေါ်အေးသောင်းတို့မှ ဝယ်ယူခဲ့ပါသည်။ မိဘများဖြစ်သော ဖခင် ဦးထွန်းနေသည် ၂၀၂၃ ခုနှစ်တွင် လည်းကောင်း၊ မိခင် ဒေါ်အေးသောင်းသည် ၂၀၂၅ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီး မိဘများမှမွေးဖွားထွန်းကားခဲ့သည့် သားသမီး(၄)ဦးအနက် သားကြီးဖြစ်သူ ဦးမြင့်သိန်းနှင့် သားလတ်ဖြစ်သူ ဦးခင်ဝင်းတို့မှာလည်း အသီးသီးကွယ်လွန်ခဲ့ပြီးဖြစ်ကြပါသဖြင့် သမီးများဖြစ်သော ဒေါ်လှငွေး ၁၂/ဒဂတ(နိုင်)၀၇၉၆၁၈ နှင့် ဒေါ်ရီရီဝေ တို့(၂)ဦးသာ ကျန်ရှိခဲ့သည်ဖြစ်၍ အထက်ပါမြေကွက်အား ကျန်ရစ်သူသမီးများဖြစ်သော ဒေါ်လှငွေးနှင့် ဒေါ်ရီရီဝေ တို့(၂)ဦးတို့မှ အညီအမျှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိသူများဖြစ်ပါသောကြောင့် အထက်ပါ အမွေဆိုင်မြေကွက်နှင့်ပတ်သက်၍ အမွေဆိုင်တစ်ဦးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှငွေး သိရှိခြင်းမရှိဘဲ ကျန်အမွေဆိုင် တစ်ဦးမှဖြစ်စေ၊ အခြားသူတစ်ဦးဦးမှဖြစ်စေ မည်သူမဆို ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မြေတိုင်းတာခြင်း၊ မြေပြုပြင်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ ဂရန်သစ် လျှောက်ထားခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်းများ (လုံးဝ) မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး တရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှငွေး ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း–၀၉–၂၆၄၁၉၉၂၈၈၊ ၀၉–၂၆၀၃၉၉၀၃၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/1161 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5979 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အောင်သာကျေးရွာနေ အောင်သာ အထက (ခွဲ) Grade–12 မှ ကျောင်းဝင်အမှတ် (G–၁၉၁၉)မောင်ညာဏစွမ်း နှင့် မောင်ဝင်းကိုကို ၉/လဝန(နိုင်)၀၄၈၇၂၂၊ မဆွေဆွေထက် ၉/လဝန (နိုင်) ၂၄၈၇၆၅ တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းအေး ၉/လဝန(နိုင်)၀၄၈၂၄၂ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/6292 TOYOTA HARRIER SXU 10 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုခိုင် ၁၁/ကတန(နိုင်)၀၄၁၁၆၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 33W/63840 V Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသူသူကျော် ၉/မဟမ(နိုင်) ၀၄၂၈၂၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၆၈၅၂၃ KYM60 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာထွန်း ၉/ခမစ(နိုင်) ၀၅၉၅၀၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/29275 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသန်း ၅/စကန(နိုင်) ၀၃၃၁၁၆က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ်(၇၆၀)၊ အကျယ်အဝန်း (အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ မြေချစလစ်တွင် ဒေါ်စန်းမြင့်အမည်ပေါက်ပြီး ထိုမြေကွက်အနက်မှ (၁၀ x ၆၀)ပေ မြေနှင့် မြေပေါ်ရှိအိမ်၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်လှ ၁၂/ဒလန(နိုင်)၀၂၂၃၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိမာ ၁၂/ဗဟန(နိုင်) ၀၉၄၀၂၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ် ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်နှင့် မြေကွက်အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေများက အပြီးငွေချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်အိအိမာ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စုစုအောင် (LL.B) (စဉ်–၁၃၄၉၈/၂၀၁၇)** **(တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်ဖွေးလဲ့ဖြူ (LL.B) (စဉ်–၅၃၁၃၁/၂၀၂၀)** **(အထက်တန်းရှေ့နေ)**
**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း – ၀၉–၇၇၈၉၄၀၂၀၆**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အိမ်မြေနှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ ရွှေပြည်စိုးလမ်း၊ မြေကွက်အမှတ်(၁၁၄)ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း မြေအလျား x အနံ (၂၀x၆၀)ပေရှိ မြေကွက်တွင် ဦးမြတ်ထွန်းသန်းက အမည်ပေါက်ပြီး ၎င်းမြေချပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား မူလအမည်ပေါက် ဦးမြတ်ထွန်းသန်းထံမှ အရောင်းအဝယ် အရပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်စိုးဝင်း ၁၂/လကန(နိုင်)၁၃၁၃၃၈ က မိမိကသာ တရားဝင်ပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာမြင့် ၁၂/ဥကတ (နိုင်)၁၄၃၀၄၄ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ပြသ ကန့်ကွက်နိုင်ပါ သည်။ ယင်းနေ့ သတ်မှတ်ရက်ကျော်လွန်က ဤမြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်စန္ဒာမြင့် ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စုစုအောင် (LL.B) (စဉ်–၁၃၄၉၈/၂၀၁၇)** **(တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်ဖွေးလဲ့ဖြူ (LL.B) (စဉ်–၅၃၁၃၁/၂၀၂၀)** **(အထက်တန်းရှေ့နေ)**
**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း – ၀၉–၇၇၈၉၄၀၂၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/69871 Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မို့မို့လှိုင် ၉/ခမစ (နိုင်)၁၀၅၈၀၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/77188 Thai Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလင်း ၉/နထက(နိုင်)၁၆၈၇၃၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ မူလွန် (ကြက်ရိုးပင်) ကျောင်းမှ မူအုပ်ဆရာမကြီး ဒေါ်ကြူကြူ၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းမောင် ၇/အတန(နိုင်)၀၄၆၂၁၈ ဖြစ်ပါကြောင်း။

**ဦးငြိမ်းမောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းယောင်းမြို့၊ အမက(၅) ကျောင်းမှ ဒု–မူပြ ဒေါ်မြင့်မြင့်ခိုင်(ခ) အီကျန်ရှဲန် ၁၃/မယတ(နိုင်) ၀၃၅၈၄၉ ၏ ဖခင် ဦးစိုးနိုင် (ခ) ဦးရန်ရှီလျှန် သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစိုးနိုင် (ခ) ဦးရန်ရှီလျှန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းယောင်းမြို့နယ်၊ အမက (ဝမ်ဖြို)ကျောင်းမှ အထွေထွေလုပ်သား ဦးအောင်ဖြိုး (ခ) ဦးအိုက်ဥ ၁၃/မယတ(နိုင်) ၀၀၈၁၂၂ ၏ ဖခင် ဦးနွဲ့ဖုန်း(ခ) ဦးနွဲ့ဖုန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းယောင်းမြို့၊ အမက (ဟောင်ကွေ့) ကျောင်းမှ မူလတန်းပြ ဒေါ်သန်းဝင်း ၁၂/ဥကတ(နိုင်) ၀၇၆၅၀၇ ၏ဖခင် ဦးညိမ်းမောင်(ခ) ဦးငြိမ်းမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညိမ်းမောင် (ခ) ဦးငြိမ်းမောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/6525 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA–III/ကွက်ပြင်–၃)၊ ဦးပိုင်အမှတ်(၅၉–ဃ)၊ မြေရေိယာ ၀ ဒသမ ၅၂ ဧကရှိမြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ဖြူဖြူလှိုင် ပါ(၂)ဦး ၉/မမန(နိုင်)၀၃၀၃၈၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၃၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ၄-လွှာ(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၅ပေ x၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို ကန်ထရိုက်တာ(မြေပိုင်ရှင်)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားကြပြီး လက်ရှိ လက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးအောင်ထွန်းဝင်း ၁၃/မဆန(နိုင်)၀၀၅၀၅၅၊ ဒေါ်ဖြိုးဟေမာန် ၁၃/မဆန(နိုင်)၀၀၀၀၈၆ နှင့် ဦးအောင်ဝင်းထွေး ၁၃/မဆန(နိုင်)၀၀၀၄၄၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝေဖြိုးအောင် ၆/ထဝန(နိုင်)၁၂၁၇၅၄ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း– ၀၉–၅၁၁၅၉၉၀၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## ဦးရီလင်း (ဘ) ဦးမြလွင် (၁၂/သကတ(နိုင်)၁၅၉၃၈၃) အမှတ်(၂၀၁)၊ မေတ္တာမွန်အိမ်ရာ၊ ကူးတို့ဆိပ်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ကွန်တိန်နာယာဉ် ဝန်ဆောင်မှုလုပ်ငန်း၏ ရုံးနှင့်ကား တာဝန်ခံရာထူး ရယူထားသူ) နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးနေ ဦးဇော်ဦး ၁၂/သဃက(နိုင်)၀၇၂၇၁၁ နှင့် ဦးသိန်းဝင်း ၁၂ /တမန(နိုင်)၀၈၈၁၇၀ တို့၏ လွှဲအပ်ညွှန်ကြားချက် အရ ကြေညာအပ်သည်မှာ–

လူကြီးမင်း ဦးရီလင်းသည် ကျွန်ုပ်မိတ်ဆွေများ၏ ကွန်တိန်နာကား ဝန်ဆောင်မှုလုပ်ငန်းတွင် ရုံးနှင့်ကား တာဝန်ခံရာထူးဖြင့် တာဝန်ထမ်းဆောင်လုပ်ကိုင်နေရာမှ ၃၁–၇–၂၀၂၅ရက်တွင်လုပ်ငန်းစာရင်းများနှင့်ငွေကြေးဆိုင်ရာ ရှင်းလင်းရန်ကိစ္စများ မလွှဲအပ်ဘဲ ဖုန်းစက်ပိတ်ကာ အဆက်အသွယ် ဖြတ်တောက်ခဲ့ပါသည်။ သို့ရာတွင် ယခုအခါ ငွေကြေးဆိုင်ရာ စာရင်းများနှင့် ကားဂိတ်ပိုင်းဆိုင်ရာ ငွေကြေးစာရင်းများမှာ ကွဲလွဲမှု၊ ငွေစာရင်းကွာဟမှုများစွာ ရှင်းလင်းရန် ရှိနေပါသည်။

လူကြီးမင်းဦးရီလင်းသည် ကျွန်ုပ်၏မိတ်ဆွေများ၏ ကွန်တိန်နာကား ဝန်ဆောင်မှုလုပ်ငန်းမှ ငွေကြေးများစွာရယူကာ ယခုအချိန်အထိအဆက်အသွယ်မပြုဘဲ တိမ်းရှောင်နေသကဲ့သို့ ရှိနေပါသည်။ ကျွန်ုပ်၏ မိတ်ဆွေများ၏ ကွန်တိန်နာယာဉ် လုပ်ငန်းပိုင်းဆိုင်ရာတာဝန်ကို လုပ်ဆောင်ချိန်က ယုံကြည်အပ်နှံပေးအပ်ထားသည့် ကားငှားခစရိတ်များနှင့် ငွေကြေးစာရင်းများအား (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ပါရန် ကြေညာအပ်ပါသည်

လူကြီးမင်းဦးရီလင်း အနေဖြင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမပြုလုပ်ပါက လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ပေးအပ်ထားသည် စာရင်းများအား အလွဲသုံးစားပြုသည်ဟု သတ်မှတ်ပြီး တည်ဆဲဥပဒေများအရ သက်ဆိုင်ရာတရားရုံးများတွင် တရားစွဲသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၂၂၀ )**
**အမှတ်– ၄၈ ၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉–၂၅၄၆၁၂၂၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– L – 18/61၊ အဝေရာလမ်း၊ မြေကွက်အမှတ် (၁၇၅၁+ ၁၇၅၂)၊ အကျယ် (၈၀– ပေx ၆၀– ပေ) ရှိ ဦးကျော်ဇေယျ (ဘ) ဦးမျိုးညွန့် (KYN –164131) အမည်ပေါက် မြေချပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဆွင်လမ်ညီ ၅/ကလထ (နိုင်) ၁၄၉၁၄၄၊ အမှတ်– ၃၂၂၊ နှင်းဆီလမ်း၊ ၇၈– ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားကြောင်း၊ မြေချပါမစ် မူရင်းနှင့်တကွ လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL–101 (WIPO)**
**အမှတ်–၅၈၁၊ ရွှေပြည်သာ (၂)လမ်း၊ ၃၂– ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဖုန်း– ၀၉–၅၁၉၇၉၃၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၆၀၊ မြေကွက်အမှတ် (၁၇၈၉)၊ အကျယ် (၄၀ ပေx ၆၀ ပေ)ရှိ ဦးကျော်ရဲအောင် (ခ) ဦးကိုကိုနိုင် (ဘ) ဦးမြင့်အောင် ၁၂/လမန (နိုင်) ၀၃၁၄၁၃ (BGLE–005511) အမည်ပေါက်မြေချပါမစ်မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးသီဟဟိန်း ၁၂/မဂတ(နိုင်)၀၉၈၉၇၁၊ အမှတ်– ၇၀၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားကြောင်း၊ မြေချပါမစ်မူရင်းနှင့်တကွ လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက် ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL–101 (WIPO)**
**အမှတ်– ၅၈၁၊ ရွှေပြည်သာ (၂)လမ်း၊ ၃၂– ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း– ၀၉–၅၁၉၇၉၃၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)
## ပထမနှစ် ကျောင်းသား၊ ကျောင်းသူများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် သင်ကြားမည့် ဘွဲ့ကြိုသင်တန်းများ၏ သင်တန်းကာလမှာ(၅)နှစ်ဖြစ်ပြီး B.E.(HONS.) ဘွဲ့ကို အပ်နှင်းမည်ဖြစ်သည်။ အောက်ဖော်ပြပါ အဓိကဘာသာရပ်(၂)ခုကို သင်ကြားပေးမည်ဖြစ်ပြီး ဘာသာရပ်တစ်ခုလျှင် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ဦးရေ(၆၀)ဦးစီ လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်-

(က) Computer Science and Engineering (CSE)

(ခ) Electronics and Communications Engineering (ECE)

၂။ သင်တန်းတက်ရောက်မည့်သူများသည် အောက်ပါအရည်အချင်းနှင့်ပြည့်စုံရမည်-

(က) မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနအားလုံးမှ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်-

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(ခ) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ မိမိကိုင်ဆောင်သော နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ်(နိုင်)(ပြု)(ဧည့်) ကို အပြည့်အစုံဖော်ပြ၍ မိတ္တူများကိုလည်း ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူများသည် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမှုအား နားလည်နိုင်သော အရည်အချင်းရှိရမည်။

၃။ အထက်အပိုဒ်(၂)ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တိုက်ရိုက် လျှောက်ထားရမည်။

၄။ ဝင်ခွင့်လျှောက်လွှာများကို ( ၁၈ - ၉ - ၂၀၂၅ )ရက်နေ့မှစ၍ မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ်၏ ကျောင်းသားရေးရာဌာနနှင့် တက္ကသိုလ် Website ဖြစ်သော www.miitmdy.edu.mm မှ Download ပြုလုပ်ခြင်းဖြင့် စတင်ထုတ်ယူနိုင်ပြီး ( ၁၇ - ၁၀ -၂၀၂၅ ) ရက်နေ့ နောက်ဆုံးထား၍ တိုက်ရိုက်လျှောက်ထားရမည်။ လျှောက်လွှာများကို အစိုးရရုံးဖွင့်ရက်များ တွင် လျှောက်ထားရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ အချက်အလက်များကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့မှသာ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လက်ခံစဉ်းစားပေးမည်ဖြစ်ပါသည် -

(က) ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်လက်မှတ် (မူရင်းနှင့်မိတ္တူ)

(ခ) ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)

(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)

(ဃ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၄)ပုံ

(င) သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာမူရင်း

၆။ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီးလျှောက်လွှာနှင့်အတူ တင်ပြရမည့်အချက်အလက်ပြည့်စုံသည့် လျှောက်ထားသူများသည် ( ၂၄ - ၁၀ -၂၀၂၅ )ရက်နေ့တွင် မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ်စာစစ်ဌာန၌ အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲအား ဝင်ရောက်ဖြေဆိုကြရမည် ဖြစ်ပါသည်။

၇။ တက္ကသိုလ်ဝင်ခွင့်အတွက် ဝင်ခွင့်စာမေးပွဲရမှတ်နှင့် တက္ကသိုလ်ဝင်တန်းရမှတ်ကို ပူးတွဲစဉ်းစားမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၈။ အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲသည် (၂)နာရီ မေးခွန်းဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒဘာသာရပ်ဆိုင်ရာ မေးခွန်းများဖြေဆိုရမည်ဖြစ်ပါသည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်များကို ( ၂၁ - ၁၀ -၂၀၂၅ )ရက်နေ့တွင် မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ်၏ ကြော်ငြာသင်ပုန်းများနှင့် www.miitmdy.edu.mm ၌ ကြော်ငြာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ( ၂၂ - ၁၀ -၂၀၂၅ )ရက်နေ့နှင့် ( ၂၃ - ၁၀ -၂၀၂၅ ) ရက်နေ့များတွင် ထုတ်ပေးမည်ဖြစ်ပါသည်။ ဖြေဆိုခွင့်ကတ်ပြားမရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် လုံးဝ(လုံးဝ) ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်းများ စတင်ဖွင့်လှစ်မည့်ရက်ကို အသိပေးထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို www.miitmdy.edu.mm တွင် လည်းကောင်း၊ တယ်လီဖုန်းနံပါတ် ၀၉-၇၈၅၅၅၇၇၀၂၊ ၀၉-၇၈၅၅၅၇၇၀၆ နှင့် ၀၉-၇၈၅၅၅၇၇၀၉ များသို့လည်းကောင်း တိုက်ရိုက်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကျောင်းသားရေးရာဌာန**
**မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

---

### ဖခင်အမည်မှန်
တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၁) Grade-12 (C)မှ မနန်းဆွီး၏ အမည်မှန်မှာ မနန်းစီဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးထန်ပွေး ၄/မတပ(နိုင်) ၀၆၁၃၄၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၁) Grade-12 (C)မှ ခွန်သောင်းလေ ၁၃/မကန(နိုင်)၀၉၇၁၄၀၏ ဖခင်အမည်မှန်မှာ အိုက်ဒိုး ၁၃/မကန(နိုင်) ၀၃၄၂၀၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၁) Grade-12 (C)မှ နန်းမိုခမ်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဝင်း ၁၃/တကန(နိုင်) ၁၃၃၉၀၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၁)(စက်၊ စိုက်၊ မွေး)ကျောင်း Grade-12 (C)မှ မောင်အောင်ကျော်ငွေ၏ ဖခင်အမည်မှန်မှာ ဦးခွန်ရာဟု ၁၂/သလန(နိုင်) ၀၉၁၁၁၂ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၁)(စက်၊ စိုက်၊ မွေး) ကျောင်း Grade-12 (A)မှ မအေးမိစံ၏ ဖခင်အမည်မှန်မှာ ဦးပိတ် ၁၃/ကလန(နိုင်) ၀၈၉၁၈၁ဖြစ်ပါကြောင်း။

### အမည်ပြောင်း
တောင်ကြီးမြို့၊ S.I.R ကိုယ်ပိုင်အထက်တန်း ဆင့်သင်ကျောင်း Grade-12မှ မောင်အယ်ဘင်ကို၏ အမည်မှန်မှာ မောင်အယ်လ်ဗင်ကို ၂/လကန(နိုင်)၁၂၅၇၃၃ ဖြစ်ပါကြောင်း။

### တစ်ဦးတည်း ဖြစ်ပါကြောင်း
ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ မော်လမြိုင်ရပ်နေ ထက်အောင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ မနှင်းဝတီ ၏ဖခင် ဦးနေဝင်းနိုင် (၉/စကန(နိုင်)၀၇၄၉၆၃) (ခ)ဦးသိန်းဝင်းနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မင်းရဲကောင်းပုံလမ်း၊ မြေကွက်အမှတ်(၂၀၅၂)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိဦးလှမောင်(ISN-091584) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူများဦးချစ်ကိုကို(၁၂/တမန(နိုင်)၀၉၇၃၈၄)နှင့် ဒေါ်လှလှဌေး(၁၂/ဒဂန(နိုင်)၀၁၄၈၃၁)တို့ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်နိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974၊

---

### တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အထက(ခွဲ)သပြေဝ၌ အထက်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်အေးသီရိမွန် ၉/ပဥလ(နိုင်)၀၃၁၈၄၃ ၏ဖခင်အမည် ဦးမြင့်ဝင်းတင်(ခ)ဦးမြင့်ဝင်းတင့်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမြင့်ဝင်းတင်(ခ)ဦးမြင့်ဝင်းတင့်**

### ဖခင်အမည်မှန်
မြောင်းမြမြို့နယ်၊ အထက(ဝဲကလေး)ကျောင်း Grade-12 (STEAMS-2)မှ ကျောင်းဝင်အမှတ်(၀၂၂၆)၊ မောင်ထွန်းလတ်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုထွန်း ၁၄/မမန(နိုင်)၁၄၄၂၁၀ ဖြစ်ပါကြောင်း။

**ဦးကိုကိုထွန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရမည်းသင်းမြို့၊ ကင်မွန်းခြံမူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော မနီနီမြင့်၏ ဖခင်အမည် ဦးမောင်းစိန်(ခ)ဦးမောင်မောင်စိန်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမောင်းစိန်(ခ)ဦးမောင်မောင်စိန်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အလက မကျီးရိုး၌ ဒု-အလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်သက်သက်ဖြူ ၉/မထလ(နိုင်) ၀၀၀၂၅၉ ၏ ဖခင်အမည် ဦးဘိုဖြူ (ခ)ဦးဗိုလ်ဖြူမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဘိုဖြူ(ခ)ဦးဗိုလ်ဖြူ**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ဝါးကမယ်ကျေးရွာ အထက(ခွဲ) G12 ကျောင်းသူ မဆုပြည့်နှင့် G-6 ကျောင်းသူ မဖူးပြည့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော်ထွေး ၁၄/ဒဒရ(နိုင်)၁၂၀၄၆၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ ပါရမီ ကိုယ်ပိုင်ကျောင်း၂၀၂၅- ၂၀၂၆ ပညာသင်နှစ် Grade 12 မှ ကျောင်းဝင်အမှတ် ကပ-၉၁၈ မောင်ကြယ်စင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ၉/လဝန(နိုင်)၀၅၄၅၄၉ ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်
၁၅-၈-၂၀၂၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၇)ပါ ချမ်းမြသာစည်မြို့နယ်တရားရုံး ကြော်ငြာတွင် အကွက်အမှတ် (ခခ-၂၆) အစား **အကွက်အမှတ်(ဇဇ-၂၆)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### စာအုပ်စာပေ လူ့မိတ်ဆွေ

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ကရင်ပြာသာအခြေခံပညာမူလတန်းကျောင်း၊ မူလတန်းပြဆရာမ ဒေါ်မေသက်မွန် ၁၄/ညတန(နိုင်)၁၅၇၉၅၈ ၏ ဖခင် ဦးခင်မောင်ကြည်(ခ)ဦးကိုကြည်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် (RA-IV/ ကွက်ပြင်-၄)၊ ဦးပိုင်အမှတ်(၆-ဃ)၊ မြေဧရိယာ(၁ဒသမ၇၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ခင်မိမိ ၁၂/အစန(နိုင်)၀၂၅၆၃၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ တဂေါင်းဘုရားလမ်းမကြီးဘေး၊ အမှတ်(C-၂၂)ဟု ခေါ်တွင်သော အကွက်အမှတ်(၁၁၃)၊ အကွက်အမည်-ကသဲစုအရှေ့၊ ဦးပိုင်အမှတ်(၆၃/စ)၊ အလျား (၁၂၄)ပေ၊ အနံ (၃၄.၅)ပေရှိ ဦးသိန်းကျန်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်နှစ်ထပ်နေအိမ် အပါအဝင် သီးပင်စားပင် အကျိုးခံစားခွင့်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဒေါ်စီစီ ၁၄/ပသန(နိုင်)၀၅၈၇၁၆၊ ဦးဌေးနိုင် ၁၄/ပသန(နိုင်) ၀၅၈၇၂၇၊ ဦးဇော်နိုင် ၁၄/ပသန(နိုင်)၁၄၈၀၈၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်မာစိုး ၁၀/မလမ(နိုင်)၁၇၆၈၈၀၀က အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ချိုဆက်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၅၈/၄-၁၀-၂၀၂၁)
အမှတ်(၂၀)၊ မဟာစေတီလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ပုသိမ်မြို့၊
ဖုန်း-၀၉-၇၈၂၁၃၉၆၈၃

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈-အေ)၊ မြေကွက်အမှတ်(၃၇)၊ သဇင်လမ်း၊ မြေကွက်လိပ်စာအမှတ်(၄)ဟု ခေါ်တွင်သော အလျား(၂၅)ပေxအနံ(၅၀)ပေ၊ ဧရိယာ(၁၂၅၀) စတုရန်းပေ၊ ( ၀.၀၂၉)ဧက အကျယ်အဝန်းရှိ ဒေါ်သောင်းစိန်-ဒေါ်တလုတ်မ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင်မခွဲစိတ် ရသေးသော ညာဘက်ခြမ်းရှိ အလျား(၁၂)ပေ x အနံ(၅၀)ပေ အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ နှစ်(၆၀)ဂရန် အမည်ပေါက်နှစ်ဦး အနက်မှ တစ်ဦးဖြစ်သူ ဒေါ်သောင်းစိန်၏ သားသမီးများမှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနောင်လတ်အောင် (L.L.B)
(စဉ်-၅၀၅၉၁) အထက်တန်းရှေ့နေ
အမှတ်(၂၈၁-ခ)၊ မလိခလမ်း၊ (၆/၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့၊
ဖုန်း-၀၉-၇၆၆၉၉၄၇၅၉

---

### မိဘအမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ထမံသီ (အထက) နေ နန်းဝင်းဆန်းလီ (G-12)နှင့် စိုင်းဝဏ္ဏငွေး G-10 တို့၏ မိဘအမည်မှန်မှာ ဦးဇော်ဇော်အောင် ၅/ဖပန(နိုင်)၀၄၃၇၄၆၊ ဒေါ်ငွေငွေးယဉ် ၅/ဟမလ(နိုင်)၁၂၄၂၃၆ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ ထနောင်းကုန်းကျေးရွာနေ ဦးဝင်းမောင် ၏ သားဖြစ်သူ ဦးဇော်မင်း(ခ) ဦးထိုက်ကြီး ၈/နမန(နိုင်)၁၆၉၂၂၈ သည် အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း တစ်ယောက်တည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးသန်းမောင်၏သားဖြစ်သူ ဦးဘမောင်(ခ)ဦးငနီ ၈/နမန(နိုင်)၀၅၃၅၁၅သည် အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း
နဘူးကွဲကျေးရွာအုပ်စု၊ သရက်ချောင်း(ကံလှ)ကျေးရွာနေ ဦးသောင်းညွန့်၏သား ဦးမြလှိုင်(ခ)ဦးကျောက်ခဲ ၈/နမန(နိုင်)၁၁၁၁၂၈ သည် အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း
နတ်မောက်မြို့၊ တမာပင်ရပ်နေ ဦးမြမောင်၏သားဖြစ်သူ ဦးမောင်မော်(ခ)ဦးမော် ၈/နမန(နိုင်) ၀၉၃၇၈၁သည် အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းဖြစ်ပါကြောင်း။

### ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၁ နှင့် ၅)**
**တောင်ငူမြို့နယ်တရားရုံးတော်**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၇**

| | | |
|---|---|---|
| ဒေါ်ချယ်ရီဝေ | နှင့် | ဦးဖြိုးဝေလင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ ကျွဲပွဲရပ်ကွက်၊ ကွက်သစ်ပိုင်းနေ ဦးဖြိုးဝေလင်း (ဘ) ဦးညီညီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချယ်ရီဝေက"အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၆ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေမိုးသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ငူမြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း
| **တင်ဒါဖွင့်လှစ်မည့်ရက်** | - ၄-၁၀ -၂၀၂၅ ရက်၊ (၀၉:၀၀)နာရီ |
| **တင်ဒါဖွင့်လှစ်ရွေးချယ်မည့်နေရာ** | - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေမြို့ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၉-၄၂၁၇၂၂၂၂၄၊ ၀၉-၄၂၈၂၁၅၇၇၉၊ ၀၉-၂၅၂၇၂၆၀၀၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၁၃၅၆)ကို အမည်ပေါက် ဦးကုမ္ဗေကျော် (ဘ)ဦးညွန့်ဦး ၈/မဘန(နိုင်)၁၁၆၃၇၆ မှ ဦးငွေမင်းထိုက်(ဘ)ဦးသန်းထိုက် ၂/လကန(နိုင်)၀၀၀၄၀၅ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန(၄)လမ်း၊ တိုက်အမှတ်(၆၈၆)ပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်၏အခန်းအမှတ် (3B)၊ အကျယ်အဝန်း (၅၂ ၁/၂ x ၂၆ ၁/၂ )ပေရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ဆိုင်သူထံမှ တရားဝင်လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သည့် ဒေါ်နန်းဦး(ခ)ဒေါ်နန်းသိန်းညွန့်ဦး ၉/မကန(နိုင်)၀၃၇၀၇၃၊ ဒေါ်နန်းဆုမြတ်မွန် ၁၃/တကန(နိုင်)၂၆၉၈၇၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းထွန်း ၁၁/မအန (နိုင်)၀၅၂၀၈၇ သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ဝင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)
အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)၊ ကျောင်းလမ်း၊ အိမ်အမှတ် -၃၅၊ ၄ လွှာ/ဘီ(ခြေရင်းခန်း) တိုက်ခန်းကို ဒေါ်ဇင်မေဆန်းဦး (ဘ)ဦးဆန်းဦး ၁၂/ဒဂမ(နိုင်)၀၀၈၉၇၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နီဝင်းက စရန်အချို့အဝက်ပေးချေပြီးဝယ်ယူခဲ့ပါသည်။ သို့ပါ၍ အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်းများ ယူဆောင်ပြီး လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်း မရှိပါက ကျန်ငွေများကို ဆက်လက်ပေးချေပြီး အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နွယ်နီဝင်း လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန္ဒီအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၁၂)
အမှတ်-၁၆(က)၊ စပယ်လမ်း၊ က ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၈၀၁၇၂၃၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/45516 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်အောင် ၉/အမဇ(နိုင်) ၁၀၁၀၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၇၆၃၇၃ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်ဦး ၉/ခမစ(နိုင်)၀၁၃၅၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

# ကျေးဇူးတင်လွှာ

၁၃-၀၈-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးငွေးကြွယ် (အသက် ၇၈ နှစ်) နာမကျန်းစဉ်ကာလအတွင်းနှင့် ဆေးရုံတက်စဉ်ကာလအတွင်း အထူးကြပ်မတ်စောင့်ရှောက်ကုသပေးကြပါသော ပန်းလှိုင်အင်တာနေရှင်နယ်ဆေးရုံကြီးမှ ဒေါက်တာဒေါ်ဇော်ဝင်းစန္ဒီနှင့်တကွ၊ အထူးကုဆရာဝန် ဆရာကြီး၊ ဆရာမကြီးများ၊ ICU မှ ဆရာဝန် ဆရာကြီး၊ ဆရာမကြီးများ၊ ပန်းလှိုင်အင်တာနေရှင်နယ်ဆေးရုံမှ အစစအရာရာ ကူညီပံ့ပိုးပေးပါသော ဝန်ထမ်းများ၊ ပန်းလှိုင်ဆေးခန်း (မြောက်ဒဂုံ)မှ ဆရာဝန်များနှင့် ဝန်ထမ်းများ၊ AYA Financial Group ၏ Founder & Chairman ဦးဇော်ဇော်နှင့်ဇနီး ဒေါ်ငွေးငွေးခိုင်၊ AYA Bank PCL၊ AYA SOMPO Insurance၊ AIA Myanmar Life Insurance၊ A Life Insurance နှင့် A Insurance မှ အကြီးအကဲများ နှင့် လုပ်ဖော်ကိုင်ဖက်များ၊ မင်္ဂလာမင်းအဆင့်မြင့်ခရီးသည်နှင့်ကုန်စည် ပို့ဆောင်ရေးမိသားစု၊ နာရေးပို့ဆောင်စဉ် လိုက်ပါပို့ဆောင်ကြပါသော အကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ လွမ်းသူ့ပန်းခြင်းများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့ကြပါသော ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများ၊ ရက်လည်ဆွမ်းသွတ်တရားနာအတွက် အဘက်ဘက်မှကူညီပံ့ပိုးပေးသူများ၊ တစ်လပြည့်ဆွမ်းကပ်လှူဒါန်းရာတွင် ပံ့ပိုးကူညီသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(၃) G-12 မှ မနေခြည်လင်းလက်၊ အလက(ကျွန်းကလေး) G-8 မှ မောင်ခိုင်မြဲ တို့၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဝင်း ၇/လပတ(နိုင်) ၁၃၃၉၃၀ ဖြစ်ပါကြောင်း။

**ဦးသက်နိုင်ဝင်း**

## မွေးသက္ကရာဇ်အမှန်

ပူတာအိုမြို့ အထက(ပူတာအို)ကျောင်း G-12 မှ မနွယ်နီထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၈-၂၀၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ THE BEST ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မအိအိအိမ် ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ထွန်း ၇/နတလ(နိုင်) ၁၅၁၂၀၁ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်ထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8492, Forland, Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်း ၈/မမန(နိုင်) ၁၆၂၁၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ရှိခဲ့ပါလျှင် (၁၁၁)နှစ် ပြည့်မွေးနေ့ရှင် မာတာမိခင်ကျေးဇူးရှင် စာရေးဆရာမကြီး မမြတ်လေး(ဒေါ်သိန်းဆိုင်) ဂုဏ်အင် (၁၈၊ ၉၊ ၁၉၁၄ - ၁၈၊ ၉၊ ၂၀၂၅)

အသက်အရွယ် ရှစ်ဆယ့်ကိုး
(၅) ခုမြောက်သော ဘွဲ့လွန်တိုး၊
၂၀၀၃ ခု၊ မြန်မာ အမျိုးသမီးများနေ့ထူး
ပညာဆည်းပူး အသက်အကြီးဆုံးဆုဆွတ်ခူး၊
၂၀၀၄ ခု၊ လွတ်လပ်ရေးနေ့
ဝိဇ္ဇာပညာထူးချွန်ပထမဆင့် ရပါပေ့၊
၂၀၀၅ ခု၊ ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆု
ဆက်တိုက်ချီးမြှင့်ခံရမှု၊
စံပြမိခင်ကြီးအဖြစ်၊ တို့ရဲ့မိသားစု
ဂုဏ်ယူဝမ်းမြောက်မှတ်ကျောက်တင်ရှု။
မေမေကြီးစိတ်ရောကိုယ်ပါ ချမ်းသာကျန်းမာ
အသက်ရှည်စွာနေခဲ့တာ၊
စာပေအကျိုးလည်း သက်ဆုံးတိုင်ပဲ
သယ်ပိုးထမ်းရွက်မှတ်ကျောက်ပြုလျက်၊
ရောက်ရှိနေသောမြင့်ရာဘုံဘဝမှ
သားတို့သမီးတို့မြေးမြစ်တို့
ပြုလေသမျှကုသိုလ်အဝဝ
သာဓုခေါ်ဆိုနိုင်ကြပါစေကြောင်း
ဆုမွန်ကောင်းများတောင်း။ ။

**ခင်ပွန်း- (ဝန်ကြီး ဗိုလ်မှူးချုပ်စည်သူတင်ဖေ)**
**သားကြီး ဦးသီဟကျော်သူ + Dr.မြစန်းအေး**
**သားလတ် ဦးဝဏ္ဏစည်သူ + ဒေါ်မာလာထွန်း**
**သမီး ဒေါ်ခင်စောဥမ္မာ + ဦးဉာဏ်ထွန်းဦး**
**သားလေး ဒေါက်တာနန္ဒကျော်စွာ + Dr.ဒေါ်မြင့်ငွေး**
**သားသမီးမြေးမြစ် မြတ်လေးရှဲမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးထိန်လင်း (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း) အသက် (၇၁) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန(၄)လမ်း၊ အမှတ်(၈၉၄/ခ) နေ (ဦးတင်ထွဋ် - ဒေါ်လှသွင်) တို့၏သား၊ မသန္တာလင်း၊ မခိုင်လင်းသူ၊ (မသိမ့်လင်းသူ)၊ မောင်ရဲလင်းမောင်-မသက်ဇွန်ဖူး တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မမွန်မြတ်သဒ္ဓါ၊ မမြင့်မြတ်သဒ္ဓါတို့၏အဘိုး၊ ဒေါ်တင်တင်အုန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၉-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၉-၉-၂၀၂၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူးလျက် ၂၃-၉-၂၀၂၅ရက်(အင်္ဂါနေ့) နံနက်(၇:၀၀)နာရီမှ (၁၁:၀၀)နာရီထိ အထက်ပါနေအိမ်၌ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညို့ငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်းမပေါ်၊ (၅)ရပ်ကွက်၊ အမှတ်(၅၉၂)၊ မင်္ဂလာကွန်ဒို (၈)ထပ်တိုက်၏ (၈)လွှာ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေx၅၄ပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြမြခိုင် (၉/ပကခ(နိုင်)၀၄၆၆၃၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လွင်လွင်မိုး (၁၀/မလမ(နိုင်)၁၉၁၀၀၂) မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သစ်သစ်**
**အထက်တန်းရှေ့နေ (စဉ်-၄၄၇၁၇)**
**အမှတ်(၃၂၈)၊ သရက်ခြံ(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၇၅၅၁၈၉၇၅၅၊ ၀၉-၇၅၅၄၆၈၇၅၅၊ ၀၉-၇၇၆၄၂၄၃၇၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ် (၁၁၇၅)၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်(၁)လမ်း၊ အကျယ်အဝန်း (၂၄၀၀) စတုရန်းပေ၊ (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိမြေကွက်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးငွေဝမ်းအမည်ဖြင့်တည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ဦးငွေဝမ်း (၁၂/ဒလန(နိုင်)၀၃၃၈၆၃) အမည်ပေါက်မှ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါက်တာဆုနှင်းအေး (၁၂/လမန(နိုင်)၁၃၅၄၄၈)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါက်တာဆုနှင်းအေး**
**(၁၂/လမန(နိုင်)၁၃၅၄၄၈)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ပြာစမ်း(LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ် - ၁၆၃၆၃)**
**အမှတ်-၅၅၊အခန်း(၁၆)၊ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၄၂၁၃၄၊ ၀၉-၇၉၇၇၇၄၂၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၇၂) အဒွင်းကွင်း၊ မြေကွက်အမှတ်(၁၆)၊ မြေရိယာ (၁ဒသမ၈၃)ဧကအား မြေငှားဂရန်အမှတ်တွဲအမှတ် ၃၂/၂၀၁၅-၂၀၁၆ အရ ဦးစန်းမောင် အမည်ဖြင့်ရရှိခဲ့ပြီး (၁၅-၁၁-၂၀၂၅)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးစန်းမောင် ၆/ကစန(နိုင်)၀၀၃၄၇၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၇၂) အဒွင်းကွင်း၊ မြေကွက်အမှတ်(၁၇)၊ မြေရိယာ (၁ဒသမ၈၃)ဧကအား မြေငှားဂရန်အမှတ်တွဲအမှတ် ၃၃/၂၀၁၅-၂၀၁၆ အရ ဦးစန်းမောင် အမည်ဖြင့်ရရှိခဲ့ပြီး (၂၃-၉-၂၀၂၅)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးစန်းမောင် ၆/ကစန(နိုင်)၀၀၃၄၇၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေခလမ်း၊ အမှတ်၃(အေ)ရှိ GANGA INTERNATIONAL COMPANY LIMITED ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးသက်ထွန်း (၁၂/သလန(ပြု)၀၀၄၅၉၆)၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည် ၏ GANGA INTERNATIONAL COMPANY LIMITED(ကုမ္ပဏီ မှတ်ပုံတင်အမှတ် 130315062)သည် ကုမ္ပဏီအဖြစ်ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုလိုက်သည့် (၂၉-၆-၂၀၂၁)ရက်မှစ၍ ယနေ့တိုင် နိုင်ငံတော်စီမံကိန်းများ အပါအဝင် ကုမ္ပဏီ၏ လုပ်ငန်းအားလုံးကို ဥပဒေနှင့်အညီ စနစ်တကျဖြင့် အောင်မြင်စွာ လုပ်ကိုင်လျက်ရှိပြီး နာမည်ပျက်မရှိ ကောင်းသောဂုဏ်သတင်းဖြင့် တည်ရှိလည်ပတ်လျက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။

ယခုအခါ (၄-၃-၂၀၂၅)ရက်တွင် မြန်မာနိုင်ငံသားဟုဖော်ပြလျက် ဒါရိုက်တာအဖြစ် ပါဝင်လာသော ဦးရန်နိုင်ထွဋ် ၁၂/မရက(နိုင်) ၁၁၁၈၁၄သည် ကုမ္ပဏီ၏ အမည်ခေါင်းစဉ်ပါ LETTERHEAD များကို အသုံးပြု၍လည်းကောင်း၊ ကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်းဖြင့် တရားဝင်ခန့်အပ်လွှဲအပ်ခြင်းမရှိဘဲနှင့် ကုမ္ပဏီ၏စည်းမျဉ်း စည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သွေဖီ၍လည်းကောင်း၊ တစ်ဦးတည်း၏အမည် ဆန္ဒဖြင့် ကုမ္ပဏီမှမသိရှိ၊ မပါဝင်ဘဲ စာချုပ်စာတမ်းများ ချုပ်ဆိုခြင်း အပါအဝင် ကုမ္ပဏီအားထိခိုက်စေသောပြုမူဆောင်ရွက်ခြင်းများကြောင့်လည်းကောင်း (၃-၆-၂၀၂၅)ရက်တွင် ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့ဝင်အမည်စာရင်းမှ ထုတ်ပယ်၊ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးရန်နိုင်ထွဋ်၏ လုပ်ဆောင်မှုအရပ်ရပ်သည် ကျွန်ုပ်အမှုသည် GANGA INTERNATIONAL COMPANY LIMITED နှင့် သက်ဆိုင်ပတ်သက်ခြင်း လုံးဝမရှိပါကြောင်း၊ တာဝန်မရှိ တာဝန်မယူပါကြောင်းနှင့် ၎င်း၏ ပုဂ္ဂလိက လုပ်ဆောင်မှုများအတွက် ၎င်းနှင့်သာ ဆက်သွယ်ဖြေရှင်းကြရန်ဖြစ်ပါကြောင်း၊ GANGA INTERNATIONAL COMPANY LIMITED၏ ဂုဏ်သတင်းအား ထိခိုက်စေခြင်းများအတွက်လည်း ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်ထွန်း၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝါဝါထွန်း M.Sc.,H.G.P.,R.L,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၀၀)**
**ဖုန်း-၀၉-၂၅၀၁၃၅၂၀၅၊ ၀၉-၉၆၉၂၀၅၇၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ် (၂၇)ရွာသစ်ကွင်း၊ မြေကွက်အမှတ်(၇၇/၁၃၄)၊ မြေရိယာ (၀ဒသမ၀၄၁)ဧကအား မြေငှားဂရန်အမှတ်တွဲအမှတ် ၂၇/၂၀၀၅-၂၀၀၆ အရ ဦးဝင်းဟို၊ ဒေါ်အေးမူတို့ အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်မြတ်မြတ်ယုထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၉၀/၂၀၂၃)ဖြင့် ဦးဝင်းဇော်၊ ဒေါ်မြင့်မြင့်အေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဝင်းဇော် ၆/မအရ(နိုင်)၀၂၇၉၀၆၊ ဒေါ်မြင့်မြင့်အေး ၆/မအရ(နိုင်)၀၄၁၉၅၃တို့မှဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၂၂၄၇, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်နိုင်စိုး ၆/မမန(နိုင်) ၂၀၅၂၅၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြိတ်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ကဒါရပ်ကွက်၊ မြို့သစ် (၆)လမ်းနေ ကျွန်တော် ဦးသက်ထွန်း(ခ)ဦးမျိုးချစ် ၁၀/ပမန(နိုင်)၀၈၅၆၆၅ နှင့် ကျွန်မ ဒေါ်ခင်လှ ၁၀/ပမန(နိုင်) ၀၁၀၁၄၇ တို့၏ သားဖြစ်သူ ကိုမျိုးရန်နိုင်၊ ၁၀/ပမန (နိုင်) ၂၁၂၃၈၈ သည် မိဘများအား ကိုယ်စိတ်နှစ်ပါးစိတ်ထိခိုက် စေသည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိဘများ၏ဆိုဆုံးမမှုကို လည်းနာခံမှုမရှိသောကြောင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်တော်၊ ကျွန်မတို့နှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည့်အပြင် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအရပ်ရပ်အားလုံးကိုလည်း လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဖခင် - ဦးသက်ထွန်း(ခ)ဦးမျိုးချစ်**
**မိခင် - ဒေါ်ခင်လှ**

## ၂၈ နှစ်ပြည့် လွမ်းဆွတ်သတိရအမျှဝေခြင်း
### သီရိပျံချီ ဗိုလ်ချုပ်အေးကျော်
### ဝန်ကြီး
### ပြန်ကြားရေးဝန်ကြီးဌာန
### (၁၈ . ၉ . ၁၉၉၇ - ၁၈ . ၉ . ၂၀၂၅)

အနန္တကျေးဇူးရှင် ဖခင်ကြီး၏ ကျေးဇူးတရားနှင့် မေတ္တာများကို သတိရလျက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ရသော ဝိပဿနာတရားများနှင့် ထေရဝါဒ မိုးကုတ်မေ့မြရိပ်သာ ၇ မိုင် ၆ ဖာလုံမှ ဆရာတော် ဒေါက်တာ ဦးစန္ဒာဝရာဘိဝံသနှင့် ဓမ္မကထိက သင်တန်းသား သံဃာအပါး (၂၀၀) တော်တို့အား ဆွမ်းဆက်ကပ် လှူဒါန်းအမျှပေးဝေပါသည်။ ဖေဖေ မြင့်မြတ်သောဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ။

မာမီ ဒေါ်ခင်လှမူနှင့် သားသမီး
မြေးမြစ် မိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြင်တင့်
### အသက်(၉၅)နှစ်

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ ဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့် အသက် (၉၅)နှစ်သည် ၁၄-၉-၂၀၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြင်တင့်
### အသက်(၉၅)နှစ်

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့် (၉၅)နှစ်သည် ၁၄-၉-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊
ဒုတိယဝန်ကြီးများ
ဝန်ထမ်းမိသားစုများ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြင်တင့်
### အသက်(၉၅) နှစ်

သထုံမြို့နေ (ဦးဖွယ်ရာ- ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့် (၉၅)နှစ်သည် ၁၄-၉-၂၀၂၅ ရက်(တနင်္ဂနွေနေ့)၊ နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၊
ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်၊
ဥပဒေရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊
တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများနှင့်
အဆင့်ဆင့်သော ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြင်တင့်
### အသက်(၉၅)နှစ်

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့် (၉၅)နှစ်သည် ၁၄-၉-၂၀၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြင်တင့်
### အသက်(၉၅)နှစ်

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့် (၉၅)နှစ်သည် ၁၄-၉-၂၀၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်
ဝန်ထမ်းမိသားစုများ
ဆောက်လုပ်ရေးဝန်ကြီးဌာန

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြင်တင့်
### အသက်(၉၅)နှစ်

သထုံမြို့နေ၊ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့်(၉၅)နှစ်သည် ၁၄-၉-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ
ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့်
အရာထမ်း၊အမှုထမ်းများ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြင်တင့်
### အသက် (၉၅) နှစ်

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)- ဒေါ်ခင်သက်ငွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့် အသက် (၉၅) နှစ်သည် ၁၄-၉-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြင်တင့်
### အသက်(၉၅)နှစ်

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့် (၉၅)နှစ်သည် ၁၄-၉-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြို့တော်ဝန်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဦးဟန်သိန်း
### အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)
### အထက (၃) တာမွေ
### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၁၃၉)နေ ဒေါ်သောင်းသောင်း၏ခင်ပွန်း၊ ဦးလင်းသန့်အောင်-ဒေါ်ထိပ်ထားအောင်၊ ဦးသီဟန်-ဒေါ်ခင်လပြည့်ဝန်း၊ ဒေါ်ထက်ထက်နိုင်တို့၏ ဖခင်၊ မဖေဖြိုးသူအောင်၊ မောင်ရဲမင်းဟန်တို့၏ အဘိုးဖြစ်သူ ဦးဟန်သိန်း (၈၇)နှစ်သည် (၁၆-၉-၂၀၂၅)ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၂၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

နေအိမ်မှကားများ နံနက် (၉:၄၅)နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
### ဦးမျိုးမြင့် (အလုံ) (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)
### (ရောင်းဝယ်ရေးနှင့်သစ်စက်ဌာန- ရန်ကုန်တိုင်းဒေသကြီး)
### အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စေရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၈၈)နေ (ဦးချစ်ထွေး-ဒေါ်အုံးကြည်)တို့၏သား၊ (ဒေါ်အေးသန်း)၊ (ဦးစိုးမြင့်) (စာရင်းကိုင်အရာရှိ-ငြိမ်း၊ မြန်မာ့လေကြောင်း)-ဒေါ်ခင်ဆွေသန်း(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၊ (ဦးမျိုးတင့်)(လ/ထညွှန်မှူး-ငြိမ်း၊ ဝန်ထမ်းရေးရာဦးစီးဌာန)-(ဒေါ်စန္ဒာကျော်)(ဝန်ထမ်းရေးရာဦးစီးဌာန-ငြိမ်း) တို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်တင်၊ ဒေါ်ခင်မာဝေ(ထဂ-အလုံ-ငြိမ်း)၊ ဒေါ်တင်မာဆွေ၊ (ဦးတင်မောင်ဇော်(ခ)ဖိုးချက်)တို့၏အစ်ကို၊ ဦးနေလင်းထွန်း(Ex:Asst; Manager,ဗီယက်နမ်လေကြောင်း)-ဒေါ်ချိုယဉ်မွန်(မူလွန်၃-မင်္ဂလာတောင်ညွန့်)၊ ဦးညီညီလွင်-ဒေါ်ယမင်းစိုး(Senior Executive, အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)တို့၏ဦးလေး၊ မောင်ညီမင်းသန့်(Grade-2, ICEC ကိုယ်ပိုင်အထက်တန်းကျောင်း၊လမ်းမတော်)၊ မလမင်းညီညီ (KG, ICEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ လမ်းမတော်)၊ မကြယ်စင်လင်းထွန်း၊ မောင်ထက်ရှိုင်းလင်းထွန်းတို့၏ အဘိုးဖြစ်သူသည် (၁၆-၉-၂၀၂၅)ရက်၊ မွန်းလွဲ (၁၄:၃၀)နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် (၁၈-၉-၂၀၂၅)ရက် နံနက် (၁၁:၀၀) နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ နေအိမ်မှကားများနံနက်(၉:၃၀)နာရီတွင်ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတင်မောင်
### အသက် (၈၈) နှစ်

ဗိုလ်ချုပ်မျိုးမင်းထွန်း-ဒေါ်ချိုနွယ်ဦး၊ ဦးကျော်မိုး-ဒေါ်ပပလင်း (ဒုတိယညွှန်ကြားရေးမှူး(ကညန)၊ ဒေါက်တာသန္တာလင်း (ပါမောက္ခ၊ ဌာနမှူး)၊ ဗိုလ်ကြီးအောင်သူ-ဒေါ်နှင်းသိင်္ဂီဇင်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ ဖောင်ကြီးမြို့နေ ဒေါ်မြရီ၏ ချစ်လှစွာသော ခင်ပွန်း၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးတင်မောင် အသက် (၈၈) နှစ်သည် (၁၇-၉-၂၀၂၅) ရက် (ဗုဒ္ဓဟူးနေ့) ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၁) ရက် နံနက် ၇:၀၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ သိရှိနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ သိမ်၊ ကျောင်း၊ အလှူဒါယကာကြီး
### ဦးတင်မောင်
### အသက် (၈၈)နှစ်

တေဇ (၂၃)မှ သူငယ်ချင်း မျိုးမင်းထွန်း၏ဖခင်ဖြစ်သူ ဦးတင်မောင် အသက် (၈၈)နှစ်သည် ၁၇-၉-၂၀၂၅ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

တေဇ (၂၃)မှ သူငယ်ချင်းများနှင့် မိသားစုများ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ညောင်လေးပင်မြို့မ(၂)ရပ်ကွက်၊ ကွင်းအမှတ်(၂၀၁၊ သံမဏိစားကျက်ကွင်း)၊ မြေကွက်အမှတ်(၁၀၆၄)၊ ဧရိယာ(၀.၁၁မ၀၉၆၄) ဧကအား ရန်ကုန်မြို့နေ CB Bank PCL (ကိုယ်စား)ဦးဆန်းဦးမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်
### အသက် (၈၈)နှစ်

ဒေါက်တာသန္တာလင်း (ပါမောက္ခ၊ဌာနမှူး၊ ကိုရီးယားဘာသာဌာန)၏ ချစ်လှစွာသောဖခင် ဦးတင်မောင် အသက် (၈၈)နှစ်သည် ၁၇-၉-၂၀၂၅ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
မိသားစု

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အလက-ဆည်လည်ကျောင်းတွင် (ဒုတိယအလယ်တန်းပြ) တာဝန်ထမ်းဆောင်နေသော ဒေါ်နီနီမြင့် ၈/မသန(နိုင်)၀၇၉၇၈၀၏ ဖခင်အမည်မှန်မှာ ဦးအောင်မောင်းလေးနှင့် ဦးအောင်မောင်းဟူ၍ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လေးမျက်နှာမြို့၊ အိုင်သပြု အထက Grade-12(B)မှ မောင်ပိုင်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၁၄/လမန(နိုင်)၀၅၃၆၄၉ ဖြစ်ပါကြောင်း။

ဦးညွန့်ဝင်း
၁၄/လမန(နိုင်)၀၅၃၆၄၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ်၊ အင်းမ သီရိကန်သာရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းလှိုင် ၇/သကန(နိုင်)၀၈၁၁၃၃ မှ ၎င်းပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကို သားဖြစ်သူ မောင်ဘုန်းမြင့်မိုရ်လှိုင်ကို (၁၉-၅-၂၀၂၅)ရက်စွဲဖြင့် မိသားစုစီမံမှုဖြင့် အမွေခွဲပေးခြင်း ကတိစာချုပ်ကို အသိသက်သေများရှေ့တွင် ပြုလုပ်ချုပ်ဆိုပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းစာချုပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဇော်ဦး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၄၂၄၂)
နတ်တလင်းမြို့

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေတာရှည်မြို့နယ်၊ အလက (ရေနီ) Grade-6(A)မှ (မိ) ဒေါ်ဝေဝေမွန် (၉/မလန(နိုင်)၁၁၅၄၅၂) ၏ သမီး မအေးမြတ်မွန်နှင့် မဝင်းဝင်းပိုင်သည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

မအေးမြတ်မွန်(ခ)မဝင်းဝင်းပိုင်

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့၊ အထက နောင်ဘိုကြီး Grade-12 မှ နန်းဟိဒါး၏ ဖခင်အမည်မှန်မှာ ဦးချပီးပီး ၃/ပကန(နိုင်)၀၁၈၁၃၉ဖြစ်ပါကြောင်း။

ဦးချပီးပီး

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (G-11)မှ မဆွေနှင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးထွန်း ၁၄/ဘကလ(နိုင်)၁၇၉၇၁၄ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက (၆) G-12 မှ မောင်ရဲရင့်မင်းခေါင်၏ မိဘအမည်မှန်မှာ ဦးဝင်းနိုင်ဦး ၅/ကလထ(နိုင်)၁၁၉၂၉၆နှင့် ဒေါ်အေးအေးစန်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/41894, Luojia 110 ယာဉ်လက်ဝယ်ရှိသူဦးဇေယျာအောင် ၁၄/ကခန(နိုင်)၀၇၂၂၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ဟင်္သာတ)

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/57110, Zhineng 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာနည်အောင် ၁၄/ဝခမ(နိုင်)၂၀၃၀၂၁ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/6265, Subaru SambarTTI ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညွန့် ၉/မထလ(နိုင်)၀၁၁၂၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
နေပြည်တော်ရုံး

❖ **မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ပြီး အသိပညာပေးရမှာ ဖြစ်ပါတယ်။...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြုလုပ်သော "(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဖွင့်ပွဲအခမ်းအနားသို့ ဂုဏ်ပြုဗီဒီယို မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# FIFA-MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ Winner Soccer အသင်း ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် စက်တင်ဘာ ၁၇**

FIFA-MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို စက်တင်ဘာ ၁၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ကျင်းပရာ Winner Soccer အသင်း ချန်ပီယံဆုဆွတ်ခူးခဲ့သည်။

ပွဲစဉ် (၂၂) တွင် JV အသင်းက FFU မင်းမဟော်အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက ရွှေပြည်သာ ယူနိုက်တက်အသင်းကို ၁၁ ဂိုး-သုံးဂိုး၊ Royal Noka အသင်းက ဖူဆယ်ချစ်သူအသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ Winner Soccer အသင်းက MIU အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ YCDC MHDT အသင်းက Generations အသင်းကို ၁၀ ဂိုး-တစ်ဂိုး၊ YRG အသင်းက VUC ULAD အသင်းကို လေးဂိုး ပြတ်အနိုင်ရခဲ့သည်။ Winner Soccer အသင်းသည် လက်ကျန်တစ်ပွဲအလို ကတည်းက ချန်ပီယံဖြစ်ခဲ့ပြီး နောက်ဆုံးပွဲတွင်လည်း ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❂




ချန်ပီယံ Winner Soccer အသင်း အောင်ပွဲခံစဉ်။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ပြည်ခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၅ ဒသမ ၈၂၄ တန်၊ သစ်မာ ၆၄ ဒသမ ၈၂၉ တန်၊ အခြားသစ် ၉၉ ဒသမ ၀၄၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၄၅၃၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❑

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များ အားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၂-၁၁-၂၀၂၅ ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ယနေ့ ဖတ်စရာ

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များ ရုပ်သိမ်းကြောင်း အသိပေးကြေညာချက် — ပြည်တွင်းသတင်း စာ ၂

မြန်မာနိုင်ငံ၏ ၂၀၂၀ ရွေးကောက်ပွဲအလွန် - စိန်ခေါ်မှုများကို ကျော်လွှားပြီး တည်ငြိမ်အေးချမ်းမှုဆီသို့ (၄) — ဆောင်းပါး စာ ၁၀

စက်တင်ဘာလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ် — ပြည်တွင်းသတင်း စာ ၁၃

ဂျပန်မော်တော်ကားများ တင်သွင်းမှုအပေါ် အမေရိကန် အခွန် ၁၅ ရာခိုင်နှုန်း စည်းကြပ် — နိုင်ငံတကာသတင်း စာ ၁၄